


mgyoe.com
SAMPLE BOOK
FREETOWN
WESTERN
NORTH ATLANTIC OCEAN
SOUTHERN
Sherbro Island
Bo
(ကလေးစစ်သားတစ်ယောက်၏
အမှတ်တရနေ့စွဲများ)
A LONG WAY GONE
by Ishmael Beah

mgyoe.com SAMPLE BOOK



ဆီအာရာလီယွန်းနိုင်ငံတွင်းမှ တိုက်ပွဲများပြင်းထန်မှုကြောင့် အသက်ဆယ့်နှစ်နှစ်သာ ရှိသေးသော အစ်ရှမဲဘီးအော့သည် နေရပ်ကို စွန့်ခွာထွက်ပြေးခဲ့ပြီး တောတောင်ထဲတွင် ကြမ်းတမ်းခက်ခဲစွာ ဘဝကိုရှင်သန်ရပ်တည်ခဲ့ရသည်။ အသက်ဆယ့်သုံးနှစ်အရွယ်တွင် အစိုးရစစ်တပ်၏ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရကာ အလွန်ဆိုးဝါးသော တိုက်ပွဲများအတွင်း ကလေးစစ်သားတစ်ယောက်အနေနှင့် ရက်စက်ကြမ်းကြုတ်သော သတ်ဖြတ်မှုများကို ကိုယ်တိုင်ကျူးလွန်ရပြန်သည်။

သို့သော်ယူနီဆက်၏ အကူအညီဖြင့် ကလေးစစ်သားတစ်ယောက်၏ ဘဝမှ လွတ်မြောက်ခွင့် ရခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ၌ အောင်မြင်စွာ ဘဝ၏ ဒဏ်ရာဒဏ်ချက်များကို ကုစားနိုင်ခဲ့သည်။

ရိုးရှင်းသော်လည်း ထူးခြားသော ကလေးတစ်ယောက်၏ ဘဝ အခက်အခဲ ဒုက္ခများအား ဖြတ်ကျော်ရင်ဆိုင်နိုင်စွမ်းကို အံ့မခန်း တွေ့ရှိနိုင်သည်။

ISBN 978-99971-44-08-9
K0396
9 789997 144089 >

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇန်နဝါရီ လ၊ ၂၀၂၀ ပြည့်နှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ဇော်မောင်
တန်ဖိုး - ၃၀၀၀

mgyoe.com

mgyoe.com SAMPLE BOOK



# A LONG WAY GONE

*by*

*Ishmael Beah*

## လွတ်လပ်ခြင်းသို့ တက်ကိုဖွင့် ရွက်ကိုလွှင့်

လူသစ်မော်

(ကလေးစစ်သားတစ်ယောက်၏ အမှတ်တရနေ့စွဲများ)

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



# အစ်ရှ်မဲဘီးအော့

၁၉၉၈ ခုနှစ်မှာ အမေရိကန်ပြည်ထောင်စုကို ပြောင်းရွှေ့နေထိုင်ခဲ့တဲ့ အစ်ရှ်မဲဘီးအော့ကို ဆီအာရာလီယွန်းနိုင်ငံတွင် ၁၉၈၀ ၌ မွေးဖွားခဲ့ပါတယ်။ သူ့ရဲ့ မိခင်နိုင်ငံဖြစ်တဲ့ ဆီအာရာလီယွန်းမှာ အဆုံးမသတ်နိုင်ခဲ့တဲ့ အထက်တန်း ပညာရေးကို နယူးယော့ခ်မြို့တော်မှာရှိတဲ့ ကုလသမဂ္ဂ နိုင်ငံတကာ အထက်တန်းကျောင်းကနေ အောင်မြင်ပြီးဆုံးပြီး ၂၀၀၄ ခုနှစ်မှာတော့ နိုင်ငံရေးသိပ္ပံအထူးပြု ဘာသာရပ်နဲ့ အိုဗာလင်ကောလိပ်ကနေ ဘွဲ့ရရှိခဲ့ပါ၏။

သူဟာ ကုလသမဂ္ဂအခြေစိုက် ကလေးသူငယ် လူ့အခွင့်အရေး စောင့်ကြည့်ရေး အကြံပေးကော်မတီ၊ နိုင်ငံတကာ ဆက်ဆံရေးကောင်စီတို့ရဲ့ အသင်းဝင်တစ်ဦးဖြစ်သလို စစ်ပွဲအတွင်း ရေကြောင်းတိုက်ခိုက်ရေး တပ်ဖွဲ့များ သုတေသနဌာန လက်အောက်ခံ ခြိမ်းခြောက်မှုနဲ့ အခွင့်အလမ်းများဆိုင်ရာ အဖွဲ့အစည်းရဲ့ အသင်းဝင်တစ်ယောက်လည်း ဖြစ်ပါတယ်။ ဒ့ါအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများစွာမှာလည်း ပါဝင် တာဝန်ထမ်းဆောင်လျက်ရှိပြီး အစ်ရှ်မဲဘီးအော့

mgyoe.com

mgyoe.com SAMPLE BOOK

ဖောင်ဒေးရှင်းကို ဖွဲ့စည်းကာ စစ်အတွင်း ပါဝင်နေတဲ့ ကလေးစစ်သား များစွာအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေကိုလည်း အသင်းဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ကူညီ ဆောင်ရွက်လျက်ရှိနေပါတယ်။

◆

mgyoe.com

mgyoe.com SAMPLE BOOK

ကုလသမဂ္ဂ နိုင်ငံတကာအထက်တန်းကျောင်း
နယူးယော့ခ်မြို့တော်၊ ၁၉၉၈

ကျောင်းမှာတော့ သူငယ်ချင်းတွေက အမြဲလိုလိုပဲ ကျွန်တော့်ကို မယုံသင်္ကာနဲ့ မေးခွန်းတွေ မေးလေ့ ရှိကြပါတယ်။
"မင်း ဘာလို့ ဆီအာရာလီယွန်းကနေ ထွက်လာတာလဲ"
"စစ်ပွဲတွေဖြစ်နေလို့"
"မင်း အဲဒီစစ်ပွဲတွေ မြင်ဖူးလို့လား"
"နိုင်ငံထဲမှာ မမြင်ဖူးတဲ့သူ တစ်ယောက်မှ မရှိဘူး"
"လူတွေအများကြီးကို သတ်ပစ်နေကြတယ်ဆို၊ ဟုတ်ကော ဟုတ်လို့လား"
"အချိန်တိုင်း သတ်နေကြတာပဲ"
"ငါတို့ကို ပြောပြမလား"
"အေး တစ်နေ့နေ့ပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၁ )

## အတိတ် - ၁

မိုင်ပေါင်းရာချီတဲ့ ခရီးကို ဖြတ်သန်းပြေးလွှားပြီး ကျွန်တော်နေထိုင်ရာ မြို့ကလေးကို ဆိုက်ဆိုက်မြိုက်မြိုက် သူတို့ ရောက်လာခဲ့ကြတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ တိုက်ပွဲတွေကို တိမ်းရှောင်ဖို့ ထွက်ပြေးလာကြတဲ့ ဒုက္ခသည်တွေပါ။ ငိုယိုသံတွေ ဆူညံနေတဲ့ ကလေးတွေ၊ အမျိုးသမီးအများအပြား၊ တုန်ယင်နေတဲ့ သက်ကြီးရွယ်အိုတွေ၊ အရွယ်ရောက်စ လူငယ်တွေ၊ လူကြီးတွေ အရွယ်စုံလို့ပါပဲ။ သူတို့ရဲ့ မိသားစုဝင်တွေ၊ ဆွေမျိုးတွေ ရက်ရက်စက်စက် အသတ်ခံရပုံနဲ့ သူတို့ရဲ့အိမ်တွေ မီးရှို့ဖျက်ဆီးခံရပုံတွေအကြောင်း၊ အဲဒီတိုက်ပွဲတွေ စစ်ပွဲတွေက ဒီမြို့ကလေးကိုလည်း အနေးနဲ့အမြန်ဆိုသလို ကူးစက် ရောက်ရှိလာတော့မယ့် အကြောင်း သူတို့ ပြောကြတယ်။ မြို့ခံလူတွေက နေစားစရာတွေ၊ အဝတ်အထည်တွေပေးပြီး သူတို့ကို နှစ်သိမ့်ဖျောင်းဖျကြတယ်။ ဒီမြို့လေးမှာ အခြေချနေထိုင်ဖို့

mgyoe.com

mgyoe.com SAMPLE BOOK

ကူညီပေးကြမယ် ဆိုတာတောင် သူတို့ လက်မခံနိုင်အောင် ကြောက်ရွံ့နေကြပြီး ခါးခါးသီးသီး ငြင်းဆန်ကြတယ်။ ဝေးရာကို ထွက်ပြေးဖို့ကိုပဲ ထပ်တလဲလဲ ပြောကြရင်း နောက်ဆုံးတော့ သူတို့ ကျွန်တော်တို့ မြို့ကလေးက ထွက်ခွာသွားကြတယ်။ သူတို့ သိပ်ကြောက်နေကြတယ်။

မယုံနိုင်ခဲ့ပါဘူး၊ ဆယ်နှစ်အရွယ် ကလေးတစ်ယောက်အတွက်တော့ ယုံနိုင်စရာ မရှိခဲ့ပါဘူး။ စစ်ပွဲတွေ၊ တိုက်ပွဲတွေအကြောင်း သတင်းစကားတွေ အများကြီး ပျံ့နှံ့နေခဲ့ပေမယ့် ကျွန်တော့်အတွက်တော့ ကျွန်တော်နဲ့ မဆိုင်တဲ့ အလွန်ဝေးလံခေါင်သီတဲ့ သီးခြားကမ္ဘာက သီးခြားအဖြစ်အပျက် တစ်ခုအနေနဲ့သာ ရှိနေခဲ့ပါတယ်။ ကျွန်တော် သိတာကတော့ ရမ်ဘိုစစ်ကားတွေနဲ့ အလွန်ဆုံး ဘီဘီစီသတင်းတွေက ကြားရတဲ့ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံ လစ်ဗျားက တိုက်ပွဲအကြောင်းလောက်ပါပဲ။ ကျွန်တော့်အသက်အရွယ်နဲ့ ဒီဒုက္ခသည်တွေရဲ့ ပိုကြွေးသံတွေ၊ ပျောက်ဆုံးခဲ့ရတဲ့ သူတို့ရဲ့ ဘဝပျော်ရွှင်မှုတွေအကြောင်း နားမလည်ခဲ့ရိုးအမှန်ပါ။

◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၂ )

## အတိတ် - ၂

သူငယ်ချင်းတစ်ယောက်ရဲ့ ဖိတ်ကြားမှုကြောင့် ဂီတဖျော်ဖြေပွဲတစ်ခုမှာ ရက်ပ်သီချင်းတွေဆိုဖို့ ကျွန်တော်တို့ မက်ထယူငွျန်ကို ထွက်လာခဲ့ကြပါတယ်။ ဘယ်တော့မှ အိမ်ကို ပြန်မရောက်တော့မယ့် ခရီးတစ်ခု ဖြစ်ခဲ့မယ်ဆိုတာ ဘယ်သူကမှ ကြိုမသိနိုင်ခဲ့ပါဘူး။ ကြိုသိခဲ့ရင်တော့ ကံကြမ္မာရဲ့ လှည့်စားမှုကို တစ်မျိုးတစ်ဖုံတော့ ရုန်းထွက်နိုင်ခဲ့တန် ကောင်းပါရဲ့။ ကံဇာတ်ဆရာရဲ့ လှည့်ဖြားမှုက တစ်ခါတစ်ရံမှာ ဘဝတွေကို အဆစ်အချိုးအကွေ့များစွာ ပြောင်းလဲစေခဲ့ပါတယ်။ မက်ထယူငွျန်မှာ တိုက်ပွဲတွေနဲ့ တွေ့ခဲ့ရပါပြီ။ ကျွန်တော့်ဘဝရဲ့ အသက် ၁၂ နှစ်အရွယ်မှာ စစ်ပွဲဆိုတာကို နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရပါပြီ။ ခက်ခဲကြမ်းတမ်းခြင်းရဲ့ ဘဝခြေလှမ်းများကို စတင်ရပါတော့မယ်။

မက်ထယူငွျန်မှာ ရက်ပ်သီချင်းတွေဆိုမယ့် ရက်ပ်ပါလေးတွေရဲ့ အနာဂတ်ဟာ မက်ထယူငွျန်မှာပဲ စတင်ပျောက်ဆုံးခဲ့တာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တကယ်တော့ ဒီရက်ပ်အဖွဲ့လေးကို ကျွန်တော် အသက် ၈ နှစ် အရွယ်မှာ စပြီး ဖွဲ့စည်းဖြစ်ခဲ့တာပါ။ ကျွန်တော့်အဖေ အလုပ်လုပ်ကိုင်တဲ့ မိုဘင်ဘီ ရပ်ကွက်ထဲကို ကျွန်တော့်သူငယ်ချင်းတွေဖြစ်တဲ့ တယ်လ္လိုင်း၊ မိုဟာမက်တို့နဲ့ အတူ ကျွန်တော်နဲ့ ကျွန်တော့်အစ်ကို ဂျူနီယာတို့ သွားရောက်လည်ပတ် ဆော့ကစားလေ့ ရှိပါတယ်။ မိုဘင်ဘီဆိုတာ အမေရိကန်အခြေစိုက် ကုမ္ပဏီတစ်ခုမှာ လာရောက် လုပ်ကိုင်တဲ့ နိုင်ငံခြားသားအများစု နေထိုင်ရာ ရပ်ကွက်တစ်ခု ဖြစ်ပါတယ်။ လူဖြူတွေ အပန်းဖြေတတ်တဲ့ နေရာတွေမှာ လှည့်ပတ်ဆော့ကစားရင်း၊ ရေကူးကန်တွေမှာ ရေကူးကြရင်း သူတို့ဖွင့်တဲ့ အရောင်အသွေးစုံ တယ်လီဗေးရှင်းကြီးကို ငေးမောဖို့ မကြာခဏဆိုသလို ကျွန်တော်တို့ သွားရောက်လေ့ ရှိတာပါ။ တစ်နေ့တော့ လူမည်း အမျိုးသားအဖွဲ့တစ်ဖွဲ့ သီဆိုတဲ့ သီချင်းတစ်ပုဒ်ကို အမှတ်မထင် တီဗွီမှာ ကြည့်ကြရတဲ့အခါ အလွန်မြန်ဆန်တဲ့ အင်္ဂလိပ်စကားပြောနဲ့ သပ်ရပ်လှပ မြူးကြွတဲ့ ကကွက်တွေက ဘာဂီတရယ်လို့ မခွဲခြားတတ်သေးတဲ့ ကျွန်တော်တို့ကို ညှို့ငင်ဖမ်းစားထားနိုင်ခဲ့ပါတယ်။ နောက်ပိုင်း ဂျူနီယာကို သူ့အလယ်တန်းကျောင်းက သူငယ်ချင်းတွေက အနောက်တိုင်း ဂီတအမျိုးအစားနဲ့ ကကွက်တွေကို သင်ပေးမှ ရက်ပ်ဂီတ အမျိုးအစား သီချင်းတွေဖြစ်မှန်း ကျွန်တော်တို့ သိလာကြပါတယ်။ ကျောင်းကနေ အိမ်ကို ကက်ဆက်နဲ့ တိပ်ခွေတွေ ယူလာပြီး ရက်ပ်ဂီတ၊ ဟစ်ဟော့ပ် သီချင်းတွေနဲ့ ကျွန်တော်တို့ကို ဂျူနီယာက ကျောင်းပိတ်ရက်တွေမှာ မိတ်ဆက်ပေးပါတယ်။ အင်္ဂလိပ်စာကောင်းဖို့ ဘီဘီစီ အင်္ဂလိပ်ပိုင်း အစီအစဉ်တွေကိုပဲ အဖေက နားထောင်စေချင်ပေမယ့် ကျွန်တော်တို့ကတော့ လက်ဟန်ခြေဟန်တွေရဲ့ လှုပ်ရှားမှုအလိုက် သီဆိုရတဲ့ မြူးကြွမြန်ဆန်တဲ့ ရက်ပ်တေးသွားတွေ၊ စကားလုံးတွေနဲ့ ကကွက်တွေအပေါ်မှာပဲ နစ်ဝင် သက်ဆင်းခဲ့ကြရင်း ဒီရက်ပ်အဖွဲ့ကလေးကို ဖွဲ့စည်းဖြစ်ခဲ့တာပါ။ ဒီလိုဖွဲ့ဖြစ်ခဲ့တာကပဲ ဒုက္ခခရီးရှည်ကြီးကို မွေးဖွားစေဖို့ ဖန်တီးခဲ့လေသလားလို့တောင် တွေးတောမိစေပါတယ်။

★

## အတိတ် - ၃

မက်ထယူဥျွန်ကို သွားမယ့် မနက်မှာတော့ မိုဟာမက် မလိုက်နိုင်ခဲ့ပါဘူး။ သူ့အဖေနဲ့အတူ သူတို့အိမ်က မီးဖိုဆောင်ကို သက်ငယ်မိုးဖို့ ကျန်ရစ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒါကြောင့် ကျွန်တော်တို့ ရက်ပ်အဖွဲ့လေးက သုံးယောက်နဲ့ပဲ ခရီးဆက်ခဲ့ရပါတယ်။ သီချင်းတွေနဲ့ တေးသွားသင်္ကေတတွေ ရေးထားတဲ့ မှတ်စုစာအုပ်တွေကို ကျောပိုးအိတ်ထဲ၊ ရက်ပ်သီချင်းအခွေတွေနဲ့ ကက်ဆက်တွေကို ဘောင်းဘီအိတ်တွေထဲ ထိုးထည့်ပြီး ထွက်လာခဲ့ကြတာပါ။ အောက်ခံ လက်ပြတ်အင်္ကျီပေါ်မှာ ဂျာစီအင်္ကျီနဲ့ လက်ရှည်အင်္ကျီထပ်ရင်း အောက်မှာတော့ အဆးကစား ဘောင်းဘီတို၊ ဂျင်းဘောင်းဘီရှည်အပွကို နှစ်ထပ်ဝတ်ဆင်ကြပါတယ်။ ရက်ပ်ပါတွေ အနေနဲ့ ကြည့်ကောင်းဖို့ အားကစားဖိနပ်ကို ခြေအိတ်သုံးစုံခံပြီးလည်း ဆင်မြန်းခဲ့ကြပါသေးတယ်။ နောက်တစ်နေ့ကျရင် ပြန်လာမယ် ဆိုတဲ့အသိက ဘယ်သူ့ကိုမှ နှုတ်မဆက်ဖြစ်ခဲ့သလို ဘယ်သွားမယ် ဆိုတာတောင် မပြောပြခဲ့မိပါဘူး။ ပြန်လမ်းမရှိတဲ့ လမ်းတစ်ခုကို ကျွန်တော်တို့ တိုးဝင်ခဲ့ပါပြီ။

အလွန်သာယာတဲ့ နွေရာသီရဲ့ နေ့တစ်နေ့ ဖြစ်ပါတယ်။ ပိုက်ဆံကုန်သက်သာဖို့အတွက် (၁၆) မိုင်ဝေးတဲ့ မက်ထယူဂျွန်ကို ကျွန်တော်တို့ လမ်းလျှောက်ခဲ့ကြပါတယ်။ ကျွန်တော်တို့အတွက် ဒီခရီးကို ဝေးလှတယ်လို့လည်း မခံစားရပါဘူး။ တစ်ခါတစ်ရံ လမ်းတွေပေါ် ဖြတ်သွားလေ့ရှိတဲ့ မျောက်တွေနဲ့ ငှက်တွေကို ပစ်မယ် ဆိုပြီး လေးခွတွေကိုလည်း သယ်လာကြပါတယ်။ ရောက်တတ်ရာရာတွေ ပြောရင်း၊ တစ်ယောက်ကို တစ်ယောက် စရင်း နောက်ရင်း မြစ်တွေ၊ ချောင်းတွေ အများကြီး၊ ခရီးမိုင်တွေ အများကြီးကိုလည်း ကျွန်တော်တို့ ဖြတ်သန်းခဲ့ကြရတာပါ။ လမ်းကြုံ ယာဉ်တစ်စီးကလည်း တင်မခေါ်ဘဲ ထားသွားပါတယ်။ ယာဉ်ပေါ်ပါလာတဲ့ မိန်းကလေးတွေကလည်း ကျွန်တော်တို့ကို လှောင်ပြောင်ရယ်မောသွားကြပါလေရဲ့။

အဘွားနေထိုင်တဲ့ ကယ်ဘာတီရွာကို ရောက်တော့ နေ့လယ် (၂)နာရီရှိပါပြီ။ အရပ်ရှည်ရှည်နဲ့အဘွားက အလွန်ကြည့်ကောင်းပါတယ်။ လည်ကုပ်မှာ မျိုးနွယ်စုအမှတ်အသားရှိပြီး မျက်နှာဝိုင်းဝိုင်းပေါ်မှာ ပါးဖောင်းဖောင်းနဲ့ အညိုရောင် မျက်လုံးတွေကလည်းပဲ အဘွားရဲ့ ခန့်ညားတည်ကြည်တဲ့ အလှကို ဖော်ကျူးနေပါရဲ့။ ထူးခြားစွာ နက်မှောင်တဲ့ အသားအရေနဲ့ အလွန်တရာ ဖြူဖွေးလှတဲ့ သွားတွေကိုတော့ အမေက အဘွားဆီက အမွေရခဲ့ပုံ ပေါ်ပါတယ်။ ဒီရွာမှာတော့ အဘွားကို မာမီးကက်ပနာလို့ သိကြပြီး အများစုကတော့ ဆရာမကြီးလို့ပဲ ခေါ်ဝေါ်ကြပါတယ်။ အဘွားက ရွာအနီးအနားတစ်ဝိုက်မှာ ဆေးဆရာအနေနဲ့ ထင်ရှားသူ ဖြစ်ပါတယ်။ ကယ်ဘာတီရွာမှာ နေ့လယ်စာ စားရင်း ခဏ အနားယူ

mgyoe.com

mgyoe.com SAMPLE BOOK

ကြပြီး ကျန်တဲ့ ခြောက်မိုင်ခရီးကို မမှောင်ခင် ရောက်ဖို့အတွက်တော့ အကြာကြီးနားနေလို့ မဖြစ်နိုင်ပါဘူး။ အဘွားကတော့ တစ်ညလောက် သူမနဲ့အတူနေစေချင်ပေမယ့် မနက်ဖြန်၊ သန်ဘက်ခါ ဆက်ဆက်ပြန်လာမယ့် အကြောင်းပြောပြီး အဘွားကို ချွေးသိပ်ဖြေသိမ့်ရပါတယ်။

"မင်းတို့အဖေကော ဘယ်လိုလဲ၊ မင်းတို့တစ်တွေနဲ့ အဆင်ပြေရဲ့လား"

စိုးရိမ်ပူပန်မှု တစ်ခုခုကို ဖုံးကွယ်ထားသလိုလို အသံချိုချိုလုပ်ပြီး အဘွားက မေးပါတယ်။

"မင်းတို့ ဘာကိစ္စ မက်ထယူဂျွန်ကို သွားမှာလဲ၊ ကျောင်းကိစ္စလား"

"မင်းတို့ ဘာလို့ အရမ်းပိန်နေကြတာလဲ"

"ဝဝလင်လင်ကော စားကြသောက်ကြရရဲ့လား"

အဘွားကတော့ ကျွန်တော်တို့ကို လိုက်ပို့ရင်း မေးခွန်းတွေ အများကြီး ဆက်မေးနေပါတယ်။ သူမ မေးခွန်းတွေကို မဖြေရလေအောင်လည်းပဲ ကျွန်တော်တို့ တတ်နိုင်သမျှ အားထုတ်ကြရ ပြန်ပါတယ်။ ဒီလိုနဲ့ အဘွားနဲ့ခွဲခွာဖို့ အချိန်ကျ ရောက်ခဲ့ပါပြီ။ အဘွားကတော့ ရွာအစွန်က တောင်ကုန်းလေးမှာ မတ်မတ်ရပ်ရင်း တောင်ကုန်းပေါ်က ဆင်းသွားတဲ့ ကျွန်တော်တို့ကို ရီဝေတဲ့ မျက်လုံးတွေနဲ့ မမိုတ်မသုန် ကြည့်နေခဲ့ပါတယ်။ သူမ ညာဘက်လက်က တောင်ဝှေးကို ဘယ်ဘက်လက်နဲ့ ပြောင်းကိုင်ရင်း ညာလက်နဲ့ ဝှေ့ယမ်းနှုတ်ဆက်ပါတယ်။

အာဖရိကန်လူမျိုးတို့ရဲ့ ကံကောင်းပါစေ ဆုတောင်းခြင်း နိမိတ်ပုံ တစ်ခုပါ။

ရောက်သင့်တဲ့ အချိန်ထက် နှစ်နာရီလောက် နောက်ကျပြီးမှ ကျွန်တော်တို့ မက်ထယူဂျွန်ကို ရောက်လာခဲ့ကြပြီး ငယ်သူငယ်ချင်းတွေ ဖြစ်တဲ့ ဂစ်၊ ကယ်လိုကို၊ ခါလီတို့က စောင့်ကြိုနေကြပါတယ်။ ညဘက်မှာတော့ ညဈေးသည်တွေနဲ့ စည်ကားလှတဲ့ "ဘို" လမ်းမကြီးပေါ်မှာ လမ်းလျှောက်ခဲ့ကြရင်း မြေပဲပြုတ်တွေ ဝယ်စားကြလို့ မနက်ဖြန်မှာ ဘာတွေ လုပ်ကြမလဲဆိုတဲ့ အစီအစဉ်တွေ၊ ပျော်ဖြေပွဲအတွက် သီချင်းတိုက်ဖို့ ကိစ္စဝိစ္စတွေကို တိုင်ပင်ကြပါတယ်။ ကျွန်တော်တို့ကတော့ ဒီညအတွက် ခါလီ့အိမ်မှာပဲ တည်းခိုကြပြီး ခါလီရဲ့ အခန်းက ကျဉ်းလို့ တစ်ယောက်ပေါ်တစ်ယောက် ခြေထောက်တွေ ထပ်ပြီး တစ်အိပ်ရာတည်း အတူအိပ်ရင်း တစ်ညတာကို လွန်မြောက်ခဲ့ကြပါတယ်။

မနက်မှာတော့ ဘယ်မှသွားစရာမရှိလို့ သူငယ်ချင်းတွေရဲ့ ကျောင်းဆင်းချိန် နေ့လယ် (၂) နာရီကို ခါလီတို့ အိမ်ကပဲ စောင့်မျှော်နေရင်း အချိန်ဖြုန်းကြပါ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ကျွန်တော်က ဖိနပ်ကို တိုက်ချွတ်ဆေးကြောရင်း ဂျူနီယာနဲ့ တဲလ္လိုင်းတို့ ဒိုက်ထိုး ပြိုင်တာကို အကြိမ်ရေပေးနေတဲ့ အချိန်မှာ ပုံမှန်ကျောင်းဆင်းချိန် ထက်အများကြီးစောပြီး ဂစ်တို့ ရောက်လာကြပါတယ်။ သူပုန်တွေ ကျွန်တော်တို့ နေထိုင်တဲ့ မော့ဘွယ်မိုမြို့ကို သိမ်းလိုက်ကြပြီလို့ ဂစ်က ပြောပြပါတယ်။ ကျောင်းတွေကိုလည်း အကန့်အသတ်မရှိ ပိတ်လိုက်ကြပါတယ်။

ကျွန်တော်တို့ လုပ်လက်စအလုပ်တွေကို ရပ်လိုက်ကြပါတယ်။

★

## အတိတ် - ၄

အရာရာအားလုံး ရပ်တန့်သွားပါပြီ။

မော့ဘွယ်မိုမြို့ရဲ့ သတ္တုရှာဖွေရေး နယ်မြေတစ်ခုလုံးကို နေ့လယ်ခင်းကပဲ သူပုန်တွေ တိုက်ခိုက် သိမ်းယူခဲ့ကြတယ်လို့ ဆရာတွေရဲ့ အသေးစိတ် ပြောပြချက်တွေအရ သိရပါတယ်။ ရုတ်တရက်ပေါ်လာတဲ့ ပေါက်ကွဲသံတွေနဲ့အတူ လူတွေအားလုံး ဦးတည်ရာမဲ့ ပြေးလွှားနေကြတယ်။ ဖခင်ဖြစ်သူတွေက အလုပ်လုပ်ရာ အရပ်တွေကို စွန့်ခွာပြီး မိသားစုကို ကူညီ ကယ်တင်နိုင်ဖို့ နေထိုင်ရာ အိမ်တွေကို အသီးသီး ပြန်ပြေးလာနေကြတယ်။ မိခင်ဖြစ်သူတွေကလည်း အိမ်ကို စွန့်ခွာပြီး သားသမီးတွေ ရှိနေနိုင်တဲ့ မြစ်ဆိပ်တွေ၊ ကစားကွင်းတွေ၊ ကျောင်းတွေမှာ စိုးရိမ်တကြီး လိုက်လံရှာဖွေနေကြပါတယ်။ အော်ဟစ်ငိုယိုနေကြတဲ့ ကလေးငယ်တွေကတော့ ပျောက်ဆုံးနေတဲ့ မိဘတွေကို လမ်းမပေါ်တွေမှာ ၊ လမ်းကြိုလမ်းကြားမှာ ရှာဖွေကြပြန်တယ်။ ရှုပ်ထွေးမှုနဲ့အတူ အရာရာအားလုံးဟာ ဖရိုဖရဲဖြစ်လျက်၊ ပစ်ခတ်မှုတွေ ပိုပြီး ပြင်းထန်လာတဲ့ အချိန်မှာတော့ ဘယ်သူ့ကို ဘယ်သူကမှ မရှာဖွေနိုင်ကြတော့ဘဲ မြို့ကနေ ဝရုန်းသုန်းကား ထွက်ပြေးကြပါတော့တယ်။

"နောက်တစ်ကြိမ် ပစ်မှတ်က မက်ထယူဂျွန်တဲ့"

ဂစ်က သမံတလင်းပေါ်မှာ လှဲနေရာကထရင်း ညည်းတွားသလို ရေရွတ်လိုက်ပါတယ်။ ဂျူနီယာ၊ တဲလ္လိုင်းနဲ့ ကျွန်တော် ကိုယ့်ကျောပိုးအိတ်ကို ကိုယ် လွယ်ရင်း သူငယ်ချင်းတွေနဲ့အတူ မြစ်ဆိပ်ကို ဆင်းခဲ့ကြတဲ့အခါ အဲဒီမှာ

mgyoe.com

mgyoe.com SAMPLE BOOK

သတ္တုရှာဖွေရေး အလုပ်သမားတွေ အားလုံးနီးပါး ရောက်ရှိနေခဲ့ကြပြီး ကျွန်တော်တို့ သိတဲ့ လူတချို့ကိုလည်း တွေ့ရပါတယ်ယ်။ လျှပ်တစ်ပြက်အတွင်း ပစ်ခတ်တိုက်ခိုက်မှုတွေက မြန်လွန်းလှလို့ မျက်စိတစ်မှိတ်အတွင်းမှာပဲ အားလုံး ဖရိုဖရဲနဲ့ ထွက်ပြေးခဲ့ကြရတယ်လို့ ပြောနိုင်ကြရုံမှတစ်ပါး ကျွန်တော်တို့ မိသားစုတွေအကြောင်း ဘာမှ သိခွင့် မရခဲ့ပါဘူး။

နောက်ထပ် ၃ နာရီကြာတဲ့အချိန် ကျွန်တော်တို့ မြစ်ဆိပ်မှာ ဆက်စောင့်နေခဲ့ကြရင်း မိသားစုဝင်တွေကို စိတ်လှုပ်ရှားခြင်းကြီးစွာနဲ့ မျှော်လင့်နေခဲ့ကြပါတယ်။ ဒါမှမဟုတ် သူတို့အကြောင်း တစ်ခုခုပြောနိုင်တဲ့ တစ်ယောက်ယောက်များ ရောက်လာမလားလို့ပေါ့။ ဘာသတင်းမှ မရပါဘူး။ မြစ်ကို ထပ်ကူးလာတဲ့ လူတွေဆီက အကြောက်တရားမှတစ်ပါး ဘာမှမသိရပါ။ သာယာတဲ့နေမင်းကြီးကတော့ လှပတဲ့ တိမ်ဖြူတွေနဲ့အတူ မြူးထူးပျော်ပါးရင်း နေ့တာကတော့ ပုံမှန်လည်ပတ်နေပါတယ်။

ကျေးငှက်တွေက သစ်ပင်ထိပ်ဖျားတွေမှာ တေးသီရင်း၊ တည်ငြိမ်ရင့်ကျက်တဲ့ လေထုကလည်း သစ်ပင်တွေနဲ့ ယိမ်းထိုးကခုန်ရင်း ရှိနေချိန်မှာ ကျွန်တော်တို့ကတော့ မိသားစုဘဝများ ပျောက်ဆုံးခဲ့ရပါတယ်။ ခုအချိန်ထိတိုင် ဒီစစ်ပွဲတွေဟာ အမှန်တကယ် ရောက်ရှိလာနေပြီလို့ မယုံနိုင်သေးပါဘူး။ မဖြစ်နိုင်ဘူးလို့ မျက်စိစုံမှိတ်ရင်း ရှူးရှူးမိုက်မိုက် ကျွန်တော် တွေးနေမိခဲ့တယ်။ အိမ်ကထွက်လာတာ တစ်ရက်ပဲ ရှိသေးတဲ့ အချိန်ကာလလေးမှာ သူ့ပုန်တွေ ရောက်လာခဲ့ကြပါပကော။ ယုံတမ်းစကားတွေလား၊ ပုံပြင်တွေလား၊ အိပ်မက်လေလား။

"မင်းတို့ ဘာဆက်လုပ်မလဲ"

ဂစ်က မေးတော့ ကျွန်တော်တို့အားလုံး တိတ်ဆိတ် ငြိမ်သက်သွားကြတယ်။ အဲဒီနောက် တဲလ္လိုင်းကပဲ ငြိမ်သက်မှုကို လှုပ်နှိုးလိုက်ပါတယ်။

"နောက်မကျသေးခင် ငါတို့ မော့ဘွယ်မိုကို ပြန်မယ်၊ မိသားစုတွေကို လိုက်ရှာမယ်"

ကျွန်တော်နဲ့ ဂျူနီယာလည်း အတူတကွ ခေါင်းညိတ်လိုက်ကြတယ်။

လွန်ခဲ့တဲ့ ၃ ရက်ကပဲ ခမောက်ကို လက်ကပိုက်ပြီး ချွေးတွေနဲ့ သီးနေရင်း အလုပ်က ပြန်လာတဲ့ အဖေနဲ့ ကျွန်တော် ဆုံဖြစ်ခဲ့ကြသေး၊ အိမ်ရှေ့မှာ ထိုင်ပြီး စကားတွေ ပြောခဲ့ကြသေးတယ်။ အဖေရဲ့ နောက်မိန်းမက ကျွန်တော်တို့

mgyoe.com

mgyoe.com SAMPLE BOOK


သားအဖ ရဲ့ ဆက်ဆံရေးကို အဆင်မပြေအောင်လုပ်ခဲ့လို့အဖေနဲ့ မတွေ့တာတောင် အတော် ကြာခဲ့လှပြီ။ ဒီမနက်ခင်းမှာတော့ အဖေက ကျွန်တော့်ကို အကဲခတ်သလို ကြည့်ရင်း ပြုံးပြပြီး ပါးစပ်ကလည်း တစ်ခုခုကို ရေရွတ်နေပါတယ်။ ကျွန်တော်တို့သားအဖ စကားပြောမလို့ ပြင်နေတုန်းမှာ ကျွန်တော့်မိထွေးက အဖေ့ကို ခေါ်သွားပါတယ်။ ဝမ်းနည်းမှုကြောင့် ကျလာတဲ့ မျက်ရည်စတွေကို သိမ်းပြီး ကျွန်တော် အိမ်ကနေ ထွက်လာခဲ့လိုက်တယ်။ ဆက်နေချင်စိတ်လည်း မရှိတော့ဘူး။ ဒီကနေ သုံးမိုင် လောက်အဝေးက အမေရှိတဲ့ နေရာကို သွားမယ်။ အဲဒီလို တွေးပြီး ဂျူနီယာနဲ့အတူ လော်ရီကားဂိတ်ကို ဦးတည်ခဲ့ပါတယ်။ အဖေ ကျွန်တော်တို့ကို ကျောင်းစရိတ်တွေ ပေးနိုင်တဲ့ အရင်အချိန်တွေတုန်းကတော့ တစ်ပတ်ကို တစ်ကြိမ်လောက်ပဲ ကျောင်းပိတ်ရက်တွေမှာ အမေ့ဆီ ရောက်ဖြစ်တာပါ။ အခု အဖေကျောင်းစရိတ်တွေ မပေးနိုင်တော့တဲ့ အချိန်မှာတော့ တစ်ပတ်ကို နှစ်ကြိမ်၊ သုံးကြိမ်လောက် အမေ့ဆီ သွားရပါတယ်။

ဈေးထဲမှာ အမေ့ကို တွေ့တော့ အမေ့မျက်နှာက သုန်မှုန် တင်းမာနေခဲ့ပေမယ့် ကျွန်တော်တို့ကို တွေ့လိုက်တဲ့ အချိန်မှာ အားရဝမ်းသာ ချက်ချင်းပဲ ပွေ့ဖက်ပြီး အမေ့မျက်လုံးတွေ တောက်ပလာခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ ညီငယ်လေး အီဗရာဟမ် ရှိနေတဲ့ကျောင်းကို ကျွန်တော်တို့ ထွက်လာခဲ့ကြတယ်။ တစ်လမ်းလုံး အမေက ကျွန်တော်တို့ လက်တွေကို ဆုပ်ကိုင်ရင်း တစ်ခါတစ်ရံ လွတ်ထွက်သွားမလား ထင်ရသလို ကျွန်တော်တို့ ပခုံးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပါတယ်။

"သားတို့ရယ် အမေ လောလောဆယ် သားတို့ကို ကျောင်းပြန်တက်ဖို့ ပိုက်ဆံမပေးနိုင်ဘူး ဖြစ်နေတယ်။ ဒါပေမဲ့ အမေ အလုပ်တော့ ရှာနေပါတယ်။ မင်းတို့အဖေကော အခြေအနေ ဘယ်လိုလဲ၊ အဆင်မပြေဘူးလား"

တီးတိုးသံနဲ့ပြောတဲ့ အမေ့စကားတွေကို နားထောင်ရင်း ဂျူနီယာက နှုတ်ဆိတ်နေလို့ ကျွန်တော်ကပဲ ပြန်ဖြေရပါတယ်။

"အဖေ အဆင်ပြေပါတယ်။ မနက်ကတောင် တွေ့ခဲ့သေးတယ်"

အမေကတော့ ဂျူနီယာ့ကို တည့်တည့်စိုက်ကြည့်ပြီး ခပ်တည်တည်နဲ့ ထပ်ပြောပါတယ်။ ။

"မင်းအဖေက လူတော်တစ်ယောက်ပါ။ မင်းတို့အတွက် သူ့ရဲ့ နောက်မိန်းမကို ဖျောင်းဖျနိုင်ဖို့ သူ ကြိုးစားပါလိမ့်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

စကားတပြောပြောနဲ့ ကျွန်တော်တို့ အိဗရာဟမ်ရဲ့ ကျောင်းကို ရောက်ခဲ့ကြပြီး အိဗရာဟမ်ကတော့ ကျောင်းကစားကွင်းထဲမှာ ဆော့ကစားနေပါလေရဲ့။ သူက ရှစ်နှစ်ပဲ ရှိသေးပေမယ့် သူ့အသက်အရွယ်နဲ့ မလိုက်အောင် တော်တော်လေး ကြည့်ကောင်းပါတယ်။ ကျွန်တော်တို့ကိုလည်း တွေ့ရော ပြေးလာပြီး အတင်းကို ခုန်တက် ပွေ့ဖက်ပါလေရော။ အမေကတော့ ရယ်နေပါတယ်။ သူ့လည်ကုပ်နဲ့ ခေါင်းတစ်ခုလုံးမှာ ချွေးတွေ သီးနေခဲ့ပေမယ့် ကျွန်တော့် ညီငယ်လေးရဲ့ လုံးဝန်းတဲ့ မျက်နှာလေးက တောက်ပ ဝင်းလက်နေပါတယ်။ ကျွန်တော်က အိဗရာဟမ်ရဲ့ လက်ကိုဆွဲရင်း အိဗရာဟမ်က သူ့ကျောင်းအကြောင်းတွေ၊ ညနေကျရင် ကျွန်တော်နဲ့ ပြိုင်ကစားကြမယ်ဆိုတဲ့ အကြောင်းတွေ ပြောရင်း အမေ့အိမ်ကို လာခဲ့ကြပါတယ်။

အမေက တစ်ယောက်တည်း နေပါတယ်။ သူမရဲ့တစ်ဘဝလုံးကို အိဗရာဟမ်အတွက် မြှုပ်နှံထားတာပါ။ အိဗရာဟမ်က အဖေ့အကြောင်းတွေကို မကြာခဏ မေးတတ်တယ်လို့ အမေက ကျွန်တော်တို့ကို ပြောပြပါတယ်။ တစ်ခါတစ်ရံ အိဗရာဟမ်ကို အဖေနဲ့တွေ့ဖို့ ခေါ်သွားတဲ့အခါ အမေက သူ့ကို လှိုက်လှိုက်လှဲလှဲ ပွေ့ဖက် ချော့မြှူတဲ့အချိန်မှာ အမေ မျက်ရည်ကျတယ်။ အဖေနဲ့ အိဗရာဟမ်တို့ တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံပျော်မြူးနေကြတာကို တွေ့တိုင်း အမေ ဝမ်းသာရပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ ညီအစ်ကိုတွေ အမေ့အိမ်မှာ ပျော်ရွှင်ရယ်မော ဆော့ကြရင်း နှစ်ရက်ကြာအောင် နေခဲ့ကြတယ်။

အခုတော့ မက်ထယူဂျွန်ရဲ့ မြစ်ဆိပ်မှာရပ်ရင်း ခမောက်ကို လက်ကနေ ပိုက်ထားပြီး အလုပ်ကနေ အိမ်ကို အပြေးပြန်နေမယ့် အဖေ့ရဲ့ပုံရိပ်တွေ၊ စိုးရိမ်တကြီး ကျွန်တော့်ညီငယ်ရှိရာ ကျောင်းကို ပြေးလွှား ရှာဖွေနေမယ့် အမေ့ရဲ့ ပုံရိပ်တွေ၊ ကြောက်လန့်ငိုယိုနေမယ့် ကျွန်တော့်ညီလေး အိဗရာဟမ်ရဲ့ပုံရိပ်တွေကို မြင်ယောင်နေမိပါတယ်။ ဝမ်းနည်းပူပန်မှုတွေနဲ့ လောင်မြိုက်နေရတဲ့ အတွေးတွေက ကျွန်တော့်ကို လွှမ်းခြုံထားခဲ့ပါပြီ။

ကျွန်တော်၊ ဂျူနိယာနဲ့ တဲလ္လိုင်းတို့သူငယ်ချင်းတွေကို လက်ပြ နှုတ်ဆက်ရင်း မက်ထယူဂျွန်မြစ်ဆိပ်ကနေ မော့ဘွယ်မိုကို ကနူးလှေနဲ့ ထွက်ခဲ့ကြပါတယ်။ တစ်ဖက်ကမ်းကို ရောက်တဲ့အခါမှာတော့ လူတွေ ပိုများလာနေပါတယ်။ အားလုံး အပြေးအလွှား အထိတ်တလန့်နဲ့ မြစ်ဆိပ်ကို ဆင်းပြေးလာနေကြပါတယ်။

mgyoe.com

m gyoe.com ... LE BOOK

"မင်းတို့ သွားမယ့်လမ်းမှာ သွေးတွေ၊ မင်းတို့ သွားမယ့်ဘက်မှာ သွေးတွေ၊ ဘုရားတွေ နတ်တွေတောင် ထွက်ပြေးသွားကြပြီ"

မိန်းမကြီးတစ်ယောက်ကတော့ ဖိနပ်တွေကို ခေါင်းပေါ်တင်ရင်း ကမူးရှူးထိုး၊ ကြောက်လန့်တကြား၊ သွေးပျက်ခမန်း အော်ဟစ်ရင်း ကျွန်တော်တို့ကို ဖြတ်ကျော်သွားပါတယ်။ မြစ်ကမ်းပါးတစ်လျှောက် ချုံပုတ်တွေထဲမှာ လူတွေ ပုန်းအောင်းရင်း၊ တိမ်းရှောင်ရင်း အော်သံတွေ၊ ငိုယိုသံတွေ ကမ္ဘာပျက်မတတ် ဆူညံပွက်လောရိုက်နေခဲ့ပါတယ်။ တချို့မိန်းမတွေရဲ့ ဘုရားတသံတွေ၊ သားသမီးတွေကို တမ်းတအော်ဟစ် ခေါ်ယူနေသံတွေ၊ လူအုပ်ကြားမှာ ပြေးလွှားနေတဲ့ အဝတ်အစားမဲ့ ကလေးငယ်တွေ၊ အားလုံးဟာ ကျရောက်လာမယ့် အန္တရာယ်ကို တိမ်းရှောင်ဖို့ ကြိုးစားနေကြပါတယ်။ အလွန်ဆိုးရွားတဲ့ အနိဋ္ဌာရုံတွေက ကျွန်တော်တို့ကို မိန်းမောတွေဝေသွားစေခဲ့ပါတယ်။

မြစ်ဆိပ်ကနေ ခြောက်မိုင်လောက် လမ်းလျှောက်ပြီး ကျွန်တော်တို့ ကယ်ဘာတီရွာကို ပြန်ရောက်လာခဲ့ကြပါတယ်။ မှတ်မိဦးမယ် ထင်ပါတယ်။ ကျွန်တော့်အဘွားရဲ့ ရွာပါ။ အားလုံးဟာ ကန္တာရဖြစ်နေခဲ့ပါပြီ။ ခြောက်ကပ်တိတ်ဆိတ်နေပါတယ်။ ပြိုလဲပျက်စီးနေပါတယ်။ ရွာကနေ တောအုပ်ဘက်ကို ဦးတည်နေတဲ့ ခြေရာတွေကသာ ကျွန်တော်တို့အားလုံး မြင်နိုင်တဲ့ တစ်ခုတည်းသော ကြွင်းကျန်ရစ်ခဲ့တဲ့ အရာတွေ ဖြစ်ပါတယ်။

ညနေစောင်းခဲ့ပါပြီ။ သတ္တုတွင်း အလုပ်ထဲက ပြန်လာကြတဲ့ အလုပ်သမားတွေရဲ့ တီးတိုးရေရွတ်သံတွေ၊ မိဘပျောက် သားသမီးတွေရဲ့ ငိုယိုသံတွေ၊ ဆာလောင်မွတ်သိပ်မှုကြောင့် ငိုကြွေးရတဲ့ ကလေးငယ်တို့ရဲ့ ငိုကြွေးသံတွေက၊ သာယာရွှင်မြူးဖွယ် တေးသီငှက်တို့ရဲ့ သီဆိုသံတွေနဲ့ ပျံ့နှံ့ အေးချမ်းပျော်ရွှင် အသက်ဝင်ခဲ့ဖူးတဲ့ ညနေခင်းတို့ကို အစားထိုးထားကြပါပြီ။ ကျွန်တော်တို့ အဘွားရဲ့ အိမ်ရှေ့မှာ ထိုင်လိုက်ကြတယ်။

စောင့်ကြည့်ရင်း၊ နားထောင်ရင်း။

"မော့ဘွယ်မိုကို ပြန်ရင် ကောင်းမလား"

ဂျူနီယာက ရုတ်တရက်မေးလိုက်တယ်။ ဒါပေမဲ့ တစ်ယောက်မှ ဖြေခွင့်မရလိုက်ပါဘူး။ အနီးနားလေးမှာ ဘောက်စ်ဝက်ဂွန်ကားတစ်စီးရဲ့ အင်ဂျင်သံကို ကြားလိုက်ရပြီး လူအားလုံး အထိတ်တလန့်နဲ့ အနီးဆုံး ချုံပုတ်ထဲကို ပြေးဝင်ခဲ့ကြရပါတယ်။ ကျွန်တော့်နှလုံးတွေ အရမ်းခုန်နေပြီး အသက်ရှူမှားလောက်

mgyoe.com

mgyoe.com

အောင် ကြောက်ရွံ့နေမိပါတယ်။ ကားက ကျွန်တော်တို့အဘွားရဲ့ အိမ်ရှေ့ ကျွန်တော်တို့ ပုန်းနေတဲ့ ချုံပုတ်နားမှာ ရပ်သွားတဲ့အတွက် ကားထဲကို ကောင်းကောင်း မြင်နိုင်ပါတယ်။ ကားထဲမှာရှိတဲ့ လူတွေမှာ သေနတ်တွေ မပါပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရော၊ အခြား ပုန်းအောင်းနေတဲ့ လူတွေ အကုန်လုံး ချုံပုတ်ထဲက ထွက်လိုက်ကြတယ်၊ ကားမောင်းသူ ထိုင်ခုံကနေ လူတစ်ယောက် လမ်းဘေးကို ဒယိမ်းဒယိုင်နဲ့ လမ်းလျှောက်လာပါတယ်။ ပြီးတော့သူ့ပါးစပ်ကနေ သွေးတွေ အန်ပါတော့တယ်။ သူ့လက်မောင်းမှာလည်း ဒဏ်ရာကြီးနဲ့ပါ။ သူ့တစ်ကိုယ်လုံး သွေးတွေ စိုရွှဲနေပါတယ်။ သွေးတွေ အများကြီး အန်ပြီးတဲ့အချိန်မှာ ကလေးတစ်ယောက်လိုပဲ သူ ငိုယိုပါတယ်။ အခုလို လူကြီးတစ်ယောက်က ကလေးတစ်ယောက်လို အော်ဟစ် ငိုယိုတာကို တွေ့ဖူးတာကလည်း ကျွန်တော့်အတွက် ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ မိန်းမတစ်ယောက်က သူ့ကို ပွေ့ဖက်မှီတွဲရင်း မတ်တပ်ရပ်ဖို့ တောင်းပန်နေပါတယ်။ သူက အားတင်းပြီး ခြေထောက်တွေကို အားပြုကာ အဲဒီမိန်းမကို မှီတွဲစေရင်း ကားဆီကို ဖြည်းဖြည်းချင်း လျှောက်သွားပါတယ်။ ကားတံခါးကို ဖွင့်လိုက်တဲ့အခါမှာတော့ သူ့ကို မှီတွဲထားတဲ့ မိန်းမက မြေကြီးပေါ်ကို ပြိုလဲကျသွားပြီး သူမရဲ့ နားတွေထဲက သွေးတွေ မြင်မကောင်းလောက်အောင်ကို ထွက်ကျလာပါတယ်။ ကြည့်နေတဲ့ လူတွေအားလုံးဟာ သူတို့ကလေးတွေရဲ့ မျက်လုံးတွေကိုလက်တွေနဲ့ ဖုံးကွယ်ထားလိုက်ကြပါတော့တယ်။

ကားရဲ့ ထိုင်ခုံတွေနဲ့ အမိုးတွေမှာ သွေးတွေ ပြန့်ကျဲပေကျံ စီးကျနေကြပြီး ကားရဲ့နောက်တက်မှာတော့ မိန်းကလေးနှစ်ယောက်နဲ့ ကောင်လေး တစ်ယောက်ရဲ့ အလောင်းကို ထပ်တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော် မြင်နေရတဲ့ အရာတွေဆီကနေ အဝေးတစ်နေရာကို ထွက်ပြေးသွားချင်မိပါရဲ့။ ဒါပေမဲ့ ကျွန်တော့် ခြေထောက်တွေက ထုံကျဉ်နေပြီး ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းနေခဲ့ပါတယ်။

ခဏအကြာမှာတော့ အဲဒီလူဟာ သူ့မိသားစုနဲ့အတူ သူပုန်တွေဆီကနေ ထွက်ပြေးဖို့ ကြိုးစားခဲ့ရင်း သူတို့ အားလုံးကို သူပုန်တွေ ပစ်ခတ်ခဲ့ကြတာလို့ သိခဲ့ရပါတယ်။ သူ့အတွက်၊ သူ့ဘဝအတွက် တစ်ခုတည်းသော ဖြေသိမ့်စရာ အနေနဲ့ကတော့ သူ့မိသားစုကို မြှုပ်နှံပေးခွင့်ရခြင်းနဲ့ ဘယ်နေရာမှာ မြှုပ်နှံခဲ့ရတယ်လို့ သိခွင့်ရခြင်းသာလျှင် ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တဖြည်းဖြည်းနဲ့ တိုက်ခတ်နေတဲ့ လေထုက ငြိမ်သက်လာတယ်။ နေ့အချိန်ကနေ ညကာလကို ကူးပြောင်းဖို့လည်း တရွေ့ရွေ့ နီးကပ်လာပါပြီ။ ညနေဆည်းဆာရဲ့အောက်မှာ လူများစွာ ရွာကလေးကို ဖြတ်သန်းသွားကြပါလေရဲ့။ လူတစ်ယောက်ကတော့ သေဆုံးနေတဲ့ သူရဲ့ သားကို ချီပိုးရင်း၊ မျှော်လင့်ချက်တစ်စွန်းတစ်စကို ပွေ့ပိုက်ထားရင်း၊ သူ့တစ်ကိုယ်လုံးမှာ သူ့သားဆီက ထွက်လာတဲ့ သွေးတွေနဲ့ ဖုံးလွှမ်းထားရင်း ပြေးလွှား အော်ဟစ်နေရှာပါတယ်။ ကျည်ဆန်ဖောက်ဝင်ထားတဲ့ ဒဏ်ရာကြီးတွေ၊ လတ်လတ်ဆတ်ဆတ် ပွဲထွက်နေတဲ့ အသားစတွေ၊ သွေးတွေနဲ့ လူတွေအားလုံးက နောက်တစ်ရွာကို ရောက်ဖို့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကနေ တိမ်းရှောင်ဖို့ အားထုတ်နေကြတယ်။ တချို့ဆိုရင် သူတို့မှာ ဒဏ်ရာရထားမှန်းတောင် မသိရှာကြပါဘူး။ နာကျင်ရမှန်းမသိလောက်အောင်ကို အကြောက်တရားက သူတို့ကို လွှမ်းမိုးထားတယ်။ အခြားလူတွေ ပြမှပဲ သူတို့ရဲ့ ဒဏ်ရာတွေ မြင်ကြတယ်။ အချို့လည်း အဲဒီအချိန်ကျမှ မူးမေ့ အော့အန် လဲပြိုကုန်ကြတယ်။ ကျွန်တော့်အနေနဲ့တော့ ဒီမြင်ကွင်းတွေဟာ တော်တော့်ကို အော်ဂလီ ဆန်စေပါတယ်။ ကျွန်တော့်ခေါင်းတွေ ချာချာလည်လာတယ်။ ကျွန်တော် နင်းထားတဲ့ ကမ္ဘာမြေကြီးက စက်ဝိုင်းတစ်ခုလို ရွေ့လျားနေတယ်လို့ ခံစားလာရတယ်။ လူတွေရဲ့ အော်ဟစ်နေတဲ့ အသံတွေဟာ ကျွန်တော်နဲ့ အဝေးကြီးက လာသလိုလိုနဲ့ ကျွန်တော့်ရဲ့ ခန္ဓာကိုယ်ဟာ တဆတ်ဆတ် တုန်ခါလာပါတယ်။

ဒီနေ့ညနေအတွက် နောက်ဆုံးမြင်ကွင်းကတော့ မွေးကင်းစကလေးကို ကျောပိုးပြီး ခေါ်လာတဲ့ မိန်းမတစ်ယောက်ပါ။ သွေးတွေက သူမရဲ့ အဝတ်အစားတွေပေါ် တစက်စက်ကျရင်း သူမလာရာ လမ်းတစ်လျှောက် သွေးစီးကြောင်းကြီး ဖြစ်နေခဲ့ပါတယ်။ သူမရဲ့ အသက်ရှင်ရပ်တည်မှုအတွက် ပြေးလျှောက်ရှောင်တိမ်းရင်း သူမရဲ့ကလေးကတော့ သေနတ်မှန်လို့ သေခဲ့ရပါပြီ။ နောက်ကျောကလာတဲ့ ကျည်ဆန်ဟာ ကျောပိုးထားတဲ့ သူမ ကလေးကိုသာ ဖောက်ဝင် ရပ်တန့်ခဲ့ခြင်းက သူမအတွက် ကံကောင်းတယ်လို့ ယူဆနိုင်ပါလိမ့်မယ်။ ကျွန်တော် တို့နားတဲ့ နေရာမှာ သူမလည်း လိုက်နားရင်း ထိုင်ချလိုက်ပြီး ကျောပိုးထားတဲ့ သူမရဲ့ ကလေးကို ချလိုက်ပါတယ်။ ကလေးက မိန်းကလေးပါ။ ရိုးသားဖြူစင်ကြည်လင်နေတဲ့ ကလေးမလေးရဲ့ မျက်နှာလေးမှာ မျက်လုံးတွေက ပွင့်ရက်သားရှိနေပါသေးတယ်။ သူမရဲ့ အမေကတော့ ရုတ်တရက် သိလိုက်ရတဲ့ အမှန်တရား

mgyoe.com

mgyoe.com
SAMPLE BOOK


ကို လက်မခံနိုင်ဘဲ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလျက် ကလေးကို အတင်း ဖက်တွယ် လွဲယမ်းပြီး ချော့သိပ်ဖို့ ကြိုးစားနေပါတယ်။ သူမ ရူးသွပ်သွားခဲ့ပါပြီ။

ကျွန်တော်တို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိပြီး နားလည် လိုက်တာကတော့ ကျွန်တော်တို့ မြို့ကလေး မော့ဘွယ်မိုဟာ ကျွန်တော်တို့ အတွက် ခိုနားစရာ နေရာတစ်ခု မဟုတ်တော့ပါဘူး။ ကျွန်တော့် မိဘတွေလည်း ဘယ်လိုနည်းနဲ့မှ ဒီမြို့ကလေးမှာ ရှိနေတော့မှာ မဟုတ်ပါဘူး။ ကျွန်တော့်တို့ မက်ထယူဂျွန်ကိုပဲ ပြန်ရပါလိမ့်မယ်။ သူပုန်တွေ ရောက်မလာခင် ကျွန်တော်တို့ ထွက်သွားနိုင်အောင် အားထုတ်ကြရပါလိမ့်မယ်။ ကယ်ဘာတီကနေ ထွက်သွား ခြင်းကသာ ကျွန်တော်တို့အတွက် အကောင်းဆုံးအဖြေ ဖြစ်ပါလိမ့်မယ်။ မက်ထယူ ဂျွန်ကို သွားတဲ့လမ်းတစ်လျှောက်မှာတော့ မွေးကင်းစကလေးလေးနဲ့ သူ့အမေရဲ့ ပုံရိပ်တွေက ကျွန်တော့်အာရုံတွေကို ကြီးစိုးထားပြီး ဘာဆိုဘာမှ မသိနိုင်လောက် အောင် စိတ်တွေ လွင့်ပျံ့ နေခဲ့ပါတယ်။ အဲဒီလို ဒုက္ခဆင်းရဲ အနိဋ္ဌာရုံတွေရှိတဲ့ အရပ်၊ သွေးညီနံ့တွေ ဖုံးလွှမ်းနေတဲ့ အရပ်ဆီကို ကျွန်တော် ပြန်မသွားချင်ဘူး။ ကျွန်တော် ရှိမနေချင်ဘူး။ ပိုင်းစက်ကြည်လင်တဲ့ ကလေးမလေးရဲ့ မျက်လုံးတွေက ဖော်ပြနေတဲ့ အရာအားလုံး ပျောက်ဆုံးခြင်းရဲ့ အဓမ္မတွေ မမြင်ရ၊ မကြားရပါစေ နဲ့တော့။

◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ( ၃ )

## အတိတ် – ၅

" မင်းက ၁၉ နှစ်မှာ အဆိုးမြင်ဝါဒီ တစ်ယောက် ဖြစ်လာလိမ့်မယ်"

ကျွန်တော်က ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးရခဲ့တဲ့ အခြေအနေတွေကို မေးကြည့်တိုင်း အဖေပြောတတ်တဲ့ စကားတစ်ခွန်းပါ။ ဆီအာရာလီယွန်းလို့ ခေါ်တဲ့ ကျွန်တော့်နိုင်ငံက ၁၈၈၀ ခုနှစ်မှာ ဗြိတိသျှကိုလိုနီ ဖြစ်ခဲ့ရတာပါ။ ၁၉၆၁ ခုနှစ်မှာ လွတ်လပ်ရေးရခဲ့ပြီး ဆီအာရာလီယွန်း ပြည်သူ့ပါတီက မီတန်မာဂီက ပထမဆုံး ဝန်ကြီးချုပ် ဖြစ်လာခဲ့ပါတယ်။ သူ့ရဲ့ညီအစ်ကို ဝမ်းကွဲတော်စပ်တဲ့ ဆာအဲဘက်မာဂီက သူကွယ်လွန်ခဲ့တဲ့ ၁၉၆၄ မှာ ဝန်ကြီးချုပ်ရာထူးကို ဆက်ခံပါတယ်။ ၁၉၆၇ မှာတော့ ပြည်သူ့ကွန်ဂရက်ပါတီက ဆီရာကာစတီဗင်က အနိုင်ရရှိခဲ့ပါတယ်။ လပိုင်းအကြာမှာ စစ်တပ်အာဏာသိမ်းမှုဖြစ်ပွားပြီး ၁၉၆၈ ခုနှစ်မှာ စတီဗင်ကိုပဲ အာဏာ ပြန်လွှဲပေးခဲ့ပါတယ်။ တစ်ပါတီစနစ်ကို ကြေညာပြီး ပြည်သူ့ကွန်ကရက်ပါတီက အာဏာရပါတီ အနေနဲ့ အုပ်စိုးပါတယ်။ အဖေ

mgyoe.com

mgyoe.com SAMPLE BOOK

ပြောပြနေတဲ့ ပုပ်သိုးဆွေးမြည့်နေတဲ့ နိုင်ငံရေးစနစ်ဆိုတာ အဲဒီအချိန်က အစပြုခဲ့တာပါ။ အခု ကျွန်တော် ထွက်ပြေးနေရတဲ့ စစ်ပွဲတွေနဲ့ ပတ်သက်ပြီးလည်း ကြိုတင်ပြီး သူပြောပြခဲ့ဖူးပါတယ်။ မယုံနိုင်ခဲ့ဘူး။ ကျွန်တော် ကြားဖူးပါတယ်။ တော်လှန်ရေး စစ်ပွဲတွေ အကြောင်း၊ ခြစားနေတဲ့ ဖိနှိပ်ခံ အနိုင်ကျင့် အုပ်စိုးနေတဲ့ အစိုးရတွေကို ဆန့်ကျင်ကြတဲ့ လွတ်မြောက်ရေး တိုက်ပွဲတွေအကြောင်း။ ဒါပေမဲ့ ဘယ်လိုအမျိုးအစား လွတ်လပ်ရေးတိုက်ပွဲက ဒါမှမဟုတ် လွတ်မြောက်ရေး အမည်ခံထားတဲ့ ဘယ်လို စစ်ပွဲက အပြစ်မရှိတဲ့ ပြည်သူတွေ၊ ကလေးတွေနဲ့ မိန်းမငယ်တွေကို သတ်တာလဲ။ ဒီမေးခွန်းကို ဘယ်သူမှ မဖြေနိုင်ကြပါဘူး။ ကျွန်တော့်ခေါင်းထဲမှာ လေးလံလာတယ်။ ကျွန်တော် မြင်ခဲ့၊ ကြားခဲ့ရတဲ့ အဖြစ်သနစ်တွေ စုစည်းဝင်ရောက်နေတဲ့ ကျွန်တော့်ဦးနှောက်တွေ နောက်ကျိလာတယ်။ လမ်းလျှောက်ရင်း လမ်းပျောက်သလို လျှောက်လာရင်း လျှောက်လာရင်းနဲ့ လမ်းတွေကို ကျွန်တော် ကြောက် ကြောက်လာတယ်။ အဝေးက တောင်တန်းတွေနဲ့ တစ်ဖက် တစ်ချက်ဆီမှာ ရှိနေတဲ့ ချုံပုတ်တွေကို ကျွန်တော် ကြောက်လာတယ်။

မက်ထယူဂျွန်ကို ကျွန်တော်တို့ ညဘက် အတော်နောက်ကျမှ ရောက်ခဲ့ကြတယ်။ ကျွန်တော်တို့ တွေ့ခဲ့တာတွေ သူငယ်ချင်းတွေကို ဝေမျှပြီး ကျွန်တော်တို့ တိတ်ဆိတ်သွားကြတယ်။ ဘာဆက်လုပ်ကြရမယ် ဆိုတာ ဆုံးဖြတ်နိုင်ဖို့ ကျွန်တော်တို့ အားထုတ်လို့ မရနိုင်ခဲ့ဘူး။ တစ်ညလုံးနီးပါး ကျွန်တော့်စိတ်တွေနဲ့ အတူ ခန္ဓာကိုယ်က ဘယ်ဆီမသိ မျောလွင့်နေခဲ့တယ်။ အိပ်မက်ဆိုးတွေ ခြောက်လှန့်နေတယ်။ ကျွန်တော့်ဘေးဘက်ကနေ ကျွန်တော့်ကို သေနတ်နဲ့ လှမ်းပစ်ခံရတယ်။ လူတွေအများကြီး ကျွန်တော့်ကို ထားရစ်ပြီး ဖြတ်သန်း၊ ပြေးလွှားနေကြတယ်။ ရှင်သန်ရပ်တည်ရေးအတွက် တစ်ဦးကိုတစ်ဦး အကူအညီ မပေးနိုင်ခဲ့ကြဘူး။ ကျွန်တော် ကြိုးစားပြီး တွားသွားရင်း အနီးဆုံးချုံပုတ်ထဲကိုဝင်ခဲ့တယ်။ ဒါပေမဲ့ အဲဒီချုံပုတ်ထဲမှ ကျွန်တော်မသိတဲ့ လူက ကျွန်တော့်အပေါ် ခွရပ်လို့ ခေါင်းကို သေနတ်နဲ့ ချိန်ပြီး မောင်းကို ဆွဲလိုက်တယ်။ ကျွန်တော် လန့်နိုးလာတယ်။ ကျွန်တော့်ကိုယ် ကျွန်တော် စိုးရိမ်တကြီး စမ်းကြည့်မိတယ်။ ကျွန်တော် အရမ်းကို ကြောက်ရွံ့နေမိပါတယ်။ တကယ့် အဖြစ်အပျက်တွေနဲ့ အိပ်မက်တွေရဲ့ ခြားနားချက်ဟာ ဘာလဲ ဆိုတာ ကျွန်တော် ခုထက်ထိ ပြောနိုင်မယ်လို့တောင် ယုံကြည်လို့ မရနိုင်တော့ဘူး။

မနက်တိုင်း ကျွန်တော်ကို မက်ထယူဂျွန်ရဲ့ မြစ်ဆိပ်ကို ဆင်းမျှော်ကြည့်ဖြစ်တယ်။ အိမ်က ကျွန်တော်ပဲ့ ဖြူကလေးဆီက ဘာသတင်းရမလဲ။

mgyoe.com

m gyee SAMPLE BOOK

ကျွန်တော်တို့ မိသားစုဝင်တွေအကြောင်း ဘာသိရမလဲပေါ့။ ဒါပေမဲ့ တစ်ပတ်လောက်ကြာပြီးတဲ့ အချိန်မှာတော့ ဒုက္ခသည်တွေ ရောက်မလာတော့ဘူး။ ဘာသတင်းမှလည်း မကြားရတော့ဘူး။ အစိုးရစစ်တပ်တွေက မက်ထယူဂျွန်မှာ စခန်းချ စစ်ပြင်သေးတယ်။ သူတို့က မြို့ရဲ့ဝင်ပေါက် ထွက်ပေါက် အရေးကြီးတဲ့ နေရာတွေမှာ ကင်းစခန်းတွေချထားပြီး သူပုန်တွေ မြစ်ကိုဖြတ်ပြီး မြို့ကိုတိုက်ခိုက်နိုင်တယ်လို့ ယူဆတဲ့အတွက် အမြောက်တပ်တွေကိုလည်း မြစ်တစ်လျှောက် အများအပြား ချထားတယ်။ ၇ နာရီကစပြီး ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန်ထားလို့ ကျွန်တော်တို့တစ်တွေ အိပ်ရာအစောကြီး ဝင်ခဲ့ရပေမယ့် တလူးလူး တလွန့်လွန့်နဲ့ အိပ်မပျော်နိုင်ကြဘူး။ နေ့ပိုင်းမှာတော့ ဂစ်နဲ့ ကလိုကိုတို့ လာလေ့ရှိပြီး၊ ကျွန်တော်တို့ ခြောက်ယောက် အဖြေမရှိတဲ့ နောက်မေးခွန်းတွေကို တိုင်ပင်လေ့ရှိကြတယ်။

"ဘယ်အချိန်မှ ဒီရက်စက်ကြမ်းကြုတ်မှုတွေ အဆုံးသတ်မလဲ မသိဘူး"

ဂျူနီယာက ကျွန်တော့်ကို ကြည့်ပြီး မကြာခင်မှာပဲ အိမ်ပြန်ရတော့မလိုလိုနဲ့ ပြောပါတယ်။

"တစ်လ၊ နှစ်လ ကြာမယ် ထင်တယ်"

တဲလ္လိုင်းက ကြမ်းပြင်ကို အဓိပ္ပာယ်မဲ့ ငေးမောရင်း ဖြေလိုက်ပါတယ်။ အထစ်ထစ် အငေါ့ငေါ့နဲ့ ဂစ်ကလည်း သူကြားထားတာကို ပြောပြပါတယ်။ အလွန်ဆုံး ကြာလှရင် သုံးလပါပဲလို့ ကျွန်တော်တို့ တွေးမိကြတယ်။ ဖြတ်သန်းသွားရမယ့်အချိန်ကာလ သုံးလအတွင်းမှာ တိုက်ပွဲတွေ ပြီးသွားပြီး ပုံမှန်အခြေအနေကို ပြန် ရောက်နိုင်မယ်လို့ ကျွန်တော်တို့ ယူဆကြတယ်၊ သဘောတူကြတယ်။

ဂျူနီယာ၊ တဲလ္လိုင်းနဲ့ ကျွန်တော်ကတော့ လက်ရှိ ဆိုးရွားနေတဲ့ အခြေအနေတွေကို ရှောင်ကြဉ်နိုင်ဖို့အတွက် ကျွန်တော်တို့ ယူလာတဲ့ ကက်ဆက်ကလေးကို ဖွင့်ပြီး ရက်ပ်သီချင်းတွေကို နားထောင်ကြတယ်။ ရက်ပ်သီချင်းရဲ့ တေးသွားတွေကို လေ့ကျင့်ကြတယ်။ "အချစ်ကို တွေ့ရှိခြင်း" တေးသံရဲ့ မြူးကြွတဲ့ စာသားတွေက မြို့ကလေးအစွန်က တောအုပ်ထဲကို နူးညံ့တဲ့ လေနုလေညင်းတွေနဲ့အတူ ပျံ့နှံ့ ရောက်ရှိသွားပါတယ်။

တောအုပ်အကျော်က အုန်းပင်တွေကတော့ တစ်ခုခုကို စောင့်မျှော်နေသလို ယိမ်းထိုးသွားကြပါရဲ့။ ကျွန်တော့် မျက်လုံးတွေကို မှိတ်လိုက်တယ်။ ကယ်ဘာတီက အဖြစ်အပျက်တွေကတော့ ကျွန်တော့်အတွေးထဲကို လတ်လတ်

mgyee.com

mgyoe.com SAMPLE BOOK

ဆတ်ဆတ် တိုးဝင်လာနေတယ်။ ဒီအတွေးတွေကို ဖျောက်ဖျက်ဖို့အတွက် တိုက်ပွဲတွေ မတိုင်ခင်က အမှတ်ရဖွယ် အဖြစ်အပျက်တွေနဲ့ အစားထိုး ကြည့်ဖို့ ကျွန်တော် အားထုတ်ရဦးမယ်။

အဘွားနေတဲ့ ရွာကလေးရဲ့ တစ်ဖက်မှာတော့ တောအုပ်ထူထူတစ်ခု ရှိပြီး အခြားတစ်ဖက်ခြမ်းမှာ ကော်ဖီစိုက်ခင်းတွေ ရှိပါတယ်။ ရွာစွန်ရဲ့ တောအုပ်ထဲက မြစ်တစ်ခုစီးဆင်းလာပြီး ထန်းပင်စုစုတွေကိုဖြတ်ရင်း အိုင်ကြီး တစ်ခုထဲကို စီးဝင်သွားပါတယ်။ အဲဒီအိုင်ကြီးရဲ့ အထက်မှာတော့ ငှက်ပျောတောကြီးက ဟိုးမိုးကုပ်စက်ဝိုင်းအထိ ကျယ်ပြောပါလေရဲ့။ ဖုန်မှုန့်တွေ တလုံးလုံး ထနေလေ့ရှိတဲ့ အဓိကလမ်းမကြီးကတော့ ကယ်ဘာတီကို ဖြတ်သန်းသွားပါတယ်။ အဲဒီ လမ်းမကြီးမှာ ချိုင့်ခွက်တွေ၊ ဗွက်အိုင်၊ နွံအိုင်တွေနဲ့ ပြည့်နှက်နေပြီး ဘဲတွေအတွက် အတော့်ကို အဆင်ပြေတဲ့ နေရာတစ်ခုပါပဲ။ အိမ်တွေရဲ့ အနောက်ဘက် မှာတော့ ငှက်တွေ အသိုက်ဖွဲ့နေထိုင်တဲ့ သရက်ပင်တွေ ရှိပါတယ်။ ။

မနက်ပိုင်းတွေမှာ တောအုပ်ရဲ့ အနောက်ဘက်က နေလုံးကြီး ပေါ်ထွက်လာပြီး တောအုပ်ကလေးထဲမှာ နေခြည်ဖြာလက်နေတတ်ပါတယ်။ ကျေးငှက်အော်သံတွေနဲ့ ဆူညံနေတဲ့ တောအုပ်ကလေးက တစ်နေ့တာ အရုဏ်ဦးရဲ့ အဖွင့်သင်္ကေတတစ်ခုပါပဲ။ တဖြည်းဖြည်းနဲ့ နေရောင်ခြည်ဟာ သစ်ပင်တွေရဲ့ ထိပ်ဖျားကို ရောက်ရှိပြီး တစ်နေ့တာကို ဖြတ်သန်းပါတယ်။ တစ်ပင်ကို တစ်ပင် ကူးယှက် ခုန်ပျံနေတဲ့ မျောက်အုပ်စုဟာလည်းပဲ ဒီတောအုပ်လေးရဲ့ ပုံရိပ်တစ်ခုပါ။ ကော်ဖီစိုက်ခင်းတွေမှာတော့ ကြက် ငှက်လေးတွေဟာ လေမှာ ပျံဝဲနေတတ်တဲ့ သိမ်းငှက်ရဲ့ အန္တရာယ်ကို ကာကွယ်ဖို့ ပုန်းခိုရာကို ရှာဖွေနေတတ်ပါတယ်။ ထန်းပင်စုစုတွေကတော့ သူတို့ရဲ့ အခက်အလက် အရွက်တွေကို လေနုအေးတွေနဲ့အတူ ဖြန့်ကျဲ ကခုန်နေလေ့ ရှိပြီး တစ်ခါတစ်ရံမှာတော့ ထန်းရည်တက်သူတွေကို မနက်အစောပိုင်းတွေမှာ မဖြစ်မနေ ခွင့်ပြုကြရပါတယ်။

ရွာကလေးရဲ့ညနေပိုင်းတွေကိုတော့ထင်းခွဲခြင်း၊ဆန်ထောင်းခြင်းတွေနဲ့ အဆုံးသတ်ကြရတယ်။ အစာရှာရာက အိပ်တန်းပြန်လာတဲ့ ငှက်တွေရဲ့ စူးရှအော်ဟစ်မြည်သံတွေနဲ့ ပွဲတင်ထပ်နေတဲ့ ညနေခင်းတွေ၊ တဲအိမ်စုစုလေးတွေဆီက ကောင်းကင်ကို ပျံဝဲလာတဲ့ မီးခိုးငွေ့တွေ၊ စိုက်ခင်းတွေက ပြန်လာတဲ့ လုပ်သားတွေ၊ တစ်ခါတစ်ရံမှာတော့ မီးတုတ်တွေ ထွန်းညှိလာတဲ့ လူအုပ်တွေဟာ ဒီရွာကလေးရဲ့ ရှင်သန်မှုသရုပ်ကို ဖော်ကျူးပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ငါတို့ရွာကို ဟောဟိုက လမင်းကြီးသာသလို ထွန်းလင်းစေရမယ်"

ကယ်ဘာတီရွာက သက်ကြီးရွယ်အိုတွေက သူတို့ရွာသားတွေကို ဒီလို ပြောလေ့ရှိပါတယ်။ ရေခပ်ဆင်း ပြန်လာသူတွေ၊ အမဲလိုက်သမားတွေ၊ ထန်းတက်သူတွေ၊ စိုက်ခင်းသမားတွေ အားလုံးကို အကြိမ်ကြိမ် ပြောဆိုတတ်ကြပါတယ်။ ကျွန်တော်ငယ်စဉ်ဘဝမှာ ဒီဆိုရိုးစကားနဲ့ပတ်သက်ပြီး ဘာကိုဆိုလိုတယ်ဆိုတာ အဘွားကို မေးတဲ့အခါ ရွာသူရွာသားတွေကို အပြုအမူ၊ အကျင့်အကြံတွေ ကောင်းစေဖို့ အခြားသူတွေအပေါ် စိတ်နှလုံးကောင်းထားဖို့ ရည်ရွယ်တယ်လို့ ပြောပြပါတယ်။ နေမင်းကြီးရဲ့ အပူရှိန် များလေလေ လူတွေ မခံနိုင်သလို မိုးရွာသွန်းမှု မြင့်မားခြင်းကလည်း ဖျက်ဆီးခြင်းကို ဖြစ်စေတတ် တယ်။ ဒါပေမဲ့ လမင်းကြီးရဲ့ ထွန်းဖြာတောက်ပမှုကတော့ အချိန်မရွေး လူတွေကို သာယာပျော်ရွှင်စေနိုင်တယ်။ ဒါကြောင့် လမင်းကြီးလို ကျင့်ရမယ်လို့ ကယ်ဘာတီရဲ့ ရှေးလူကြီးတွေက ဆိုလိုပါတယ်တဲ့။

"မင်း ဗိုက်ဆာပြီလား၊ ပီလောပီနံမုန့် စားတော့မလား"

အမြဲတမ်း ဒီလိုမေးပြီး အဘွားက သူ့ရဲ့ ဆိုဆုံးမသင်ကြားမှုကို ရပ်တန့်လေ့ ရှိပါတယ်။ ။

အဘွား ရှင်းပြပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော် လမင်းကြီးလို ကျင့်နိုင်ဖို့ အတော်အားထုတ်ရပါတယ်။ လသာတဲ့ ညတိုင်း မြေကြီးပေါ်မှာ လဲလျောင်းရင်း တောက်ပတဲ့ လရောင်ကို စူးစိုက်ပြီး စောင့်ကြည့်ပါတယ်။ အဘွားပြောတဲ့အတိုင်း လရောင်ဟာ အလွန်နှစ်သက်စရာ ကောင်းလှပါတယ်။ တစ်ခါတစ်ရံ လမင်းကြီးမှာ မုတ်ဆိတ်မွေးတွေနဲ့ သဘော်သား ဦးထုပ်ကို ဆောင်းထားတဲ့ လူတစ်ယောက်ရဲ့ ဦးခေါင်းပုံ၊ တစ်ခါတစ်ရံမှာ ပုဆိန်နဲ့ ထင်းခုတ်နေတတ်တဲ့ လူတစ်ယောက်ပုံ၊ တစ်ခါတစ်ရံမှာ ပဲနို့ချို တိုက်ကျွေးနေတတ်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့ ပုံစံ စသည်ဖြင့် ပုံရိပ်မျိုးစုံ ပေါ်လာတတ်ပါတယ်။ အခွင့်အရေးရလို့ လမင်းကြီးကို ကြည့်လိုက်တိုင်း အသက်ခြောက်နှစ် အရွယ်မှာ မြင်ခဲ့ရတဲ့ ပုံသဏ္ဌာန်တွေလိုပဲ မြင်နေရဆဲပါ။ ကလေးဘဝရဲ့ နှစ်လိုဖွယ် ဖြူစင်ရိုးသားမှုတွေက ကျွန်တော့်ကို ပျော်ရွှင်စေခဲ့ဖူးပါတယ်။

အခုတော့ အရာအားလုံး ပျောက်ဆုံးခဲ့ပါပြီ။

★

mgyoe.com

mgyoe.com SAMPLE BOOK

## အိမ်မက်- ၆

မီးကျွမ်းထားတဲ့ အသားညှော်နံ့တွေ၊ သွေးညှီနံ့တွေနဲ့ ပြန့်ကျဲနေတဲ့ အလောင်းတွေထဲမှာ တွန်းလှည်းတစ်စီးကို ကျွန်တော် တွန်းနေခဲ့ပါတယ်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ခန္ဓာကိုယ်တွေနဲ့ နောက်ဆုံးထွက်သက် ထွက်နိုင်ဖို့ အော်ဟစ်ညည်းတွားနေတဲ့ အသံတွေကလည်း ပတ်ဝန်းကျင်တစ်ခုလုံးကို ဖုံးလွှမ်းထားတယ်။ ကျွန်တော် ပြန့်ကျဲနေတဲ့ အလောင်းတွေကို ဖြတ်လာခဲ့တယ်။ တချို့မှာ ခြေတွေ၊ လက်တွေ မရှိတော့ပါဘူး။ တချို့က ဗိုက်ကို ဖောက်ဝင်သွားတဲ့ ကျည်ဆန်အပေါက်ကနေ အူတွေ၊ ကလီစာတွေ ထွက်ကျနေကြပါတယ်။ တချို့လည်း ဦးနှောက်တွေ ပြန့်ကျဲလို့၊ နားတွေ နှာခေါင်းတွေကနေ သွေးတွေ စိမ့်ထွက်လို့၊ အလောင်းပုံတွေနဲ့ သွေးအိုင်တွေမှာ ယင်ကောင်တွေ တဝီဝီအုံခဲ စားသောက်လို့ ကျွန်တော့် ဖိနပ်တစ်ခုလုံးလည်း သွေးတွေ စို့ရွှဲနစ်မြုပ်နေခဲ့ပြီ။ ခန္ဓာကိုယ်နာကျင်ကိုက်ခဲမှု တစ်စုံတစ်ရာ မရှိပေမယ့် ကျွန်တော့်မှာ ဒဏ်ရာရ၊ မရလည်း အသေအချာ မသိပါဘူး။ ကျွန်တော့်ကျောမှာ ပိုးထားတဲ့ အေကေ ၄၇ ရဲ့ ပူနွေးမှုကိုပဲ အာရုံထိတွေ့လို့ ရပါတယ်။ ဒါပေမဲ့ ဒီသေနတ်ကိုသုံးပြီး နောက်ဆုံးဘယ်အချိန်မှာ ပစ်ခတ်ခဲ့လဲဆိုတာ ကျွန်တော် မမှတ်မိပါဘူး။ ကျွန်တော့်ဦးနှောက်ထဲကို အပ်ချွန်ချွန်လေးတွေ စိုက်ထည့်နေသလို တဆစ်ဆစ် နာကျင် ကိုက်ခဲနေပါတယ်။ နေ့ရယ်၊ ညရယ် ခွဲခြားနိုင်စွမ်းလည်း မရှိတော့ပါဘူး။ ကျွန်တော့်ရှေ့ကလှည်းထဲမှာတော့ အဝတ်ဖြူနဲ့ ပတ်ထားတဲ့ အလောင်းတစ်လောင်း ရှိနေပါတယ်။ ဘာကြောင့် ဒီအလောင်းကို သယ်လာခဲ့ရသလဲဆိုတာ ကျွန်တော် မသိတော့ပါဘူး။

ဒီလိုနဲ့ အလောင်းတွေ စွန့်ပစ်မယ့်နေရာကို ရောက်လာခဲ့ပြီး တွန်းလှည်းထဲကနေ အလောင်းကိုသယ်ထုတ်တဲ့အချိန်မှာ ဒီအလောင်းက ရှန်းကန်နေတယ်လို့ ခံစားရတယ်။ ပခုံးပေါ်မှာ အလောင်းကိုထမ်းပြီး စွန့်ပစ်ဖို့ နေရာရှာရင်း ကျွန်တော့်မျက်လုံးတွေ ပြာလို့ မှုးဝေလာပါတယ်။ ကျွန်တော့်ခြေထောက်တွေပေါ် ကျွန်တော် မရပ်နိုင်တော့ဘူး။ ဖြေဖျားကနေ ကျောရိုးအထိ ပြင်းထန်တဲ့ ဝေဒနာကို ခံစားရပြီး မြေကြီးပေါ်ကို အလောင်းနဲ့ အတူ လဲပြိုကျသွားခဲ့ရပါတယ်။ အဝတ်ဖြူအောက်က သွေးတွေ အများကြီး စိမ့်ထွက်လာလို့ အလောင်းရဲ့ လည်ပင်းရောက်တဲ့အထိ မောပန်းတကြီး အဝတ်ကို ခွာပစ်လိုက်တဲ့အခါ လည်မျိုကို ဖောက်ထွင်းသွားတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ကျည်ဆန်ရော အပေါက်ကြီးကို ကျွန်တော် တွေ့ရတယ်။ ကျွန်တော် ကြောက်လန့်တကြား မျက်နှာကို ဖုံးထားတဲ့အဝတ်ကို ခွာချလိုက်တဲ့အခါ ကျွန်တော့်ကိုယ် ကျွန်တော်ပြန်တွေ့လိုက်ရပါဘယ်။ကျွန်တော့်နှလုံးသွေးတွေရပ်တန့်သွားတယ်။

★

## အတိတ် - ၇

အချိန်အတော်ကြာတဲ့အထိ အေးစက်နေတဲ့ သစ်သားအခင်းပေါ် ချွေးသီးချွေးပေါက်တွေနဲ့ လဲ့နေခဲ့ရင်း ကျွန်တော့်ခန္ဓာကိုယ်က လှုပ်လို့ မရဘူး။

အိပ်မက်၊ ဒါအိပ်မက်ပဲ။ ကျွန်တော် မီးဖွင့်လိုက်တယ်။ အဲ့ဒီလို အိပ်မက်ဆိုးတွေကနေ လွတ်မြောက်ဖို့ အတော့်ကို ရုန်းကန်ရတယ်။ နာကျင်မှုက တစ်ကိုယ်လုံး ပျံ့နှံ့နေတယ်။ ခန္ဓာကိုယ်ကလည်း တဆတ်ဆတ် တုန်ခါနေရဲ့။ အနီရောင်အုတ်နံရံကို ကြည့်ငှ်း မောင်းနှင်သွားတဲ့ ကားတွေထဲက ရက်ပ် သီချင်းသံကို ကြားရမှ ကျွန်တော့်ရဲ့ ဘဝသစ်ကို ကျွန်တော် သတိရမိတယ်။ ကျွန်တော် နယူးယော့ခ်ကို ရောက်နေခဲ့တာ တစ်လကျော် ရှိခဲ့ပြီ။ ဒါပေမဲ့ ကျွန်တော့်အတွေးတွေက အတ္တလန်တိတ်သမုဒ္ဒရာကြီးကို ဖြတ်ပြီး ကျွန်တော့်နိုင်ငံ ဆီအာရာလီယွန်းကိုပဲ ပြန်ပြန် ရောက်သွားတယ်။

★

## အတိတ်-၈

ကျွန်တော့်တပ်ဖွဲ့နဲ့ကော်ဖီစိုက်ခင်းတွေကြားက အေကေ-၄၇ ကို ကိုင်ထားတဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ ပြန်မြင်ယောင်မိနေတယ်။ လက်နက်ခဲယမ်းတွေနဲ့ အစားအစာတွေရဖို့ ကျွန်တော်တို့ မြို့လေးတစ်မြို့ကို သွားတိုက်ကြတယ်။ ဒါပေမဲ့ မမျှော်လင့်ဘဲ ကော်ဖီစိုက်ခင်းတွေက အထွက်မှာပဲ အခြားအဖွဲ့တစ်ဖွဲ့က ကျွန်တော်တို့ကို ချုံခို တိုက်ခိုက်ပါတော့တယ်။ ကျွန်တော်တို့လည်း ရှောင်ရင်းတိမ်းရင်း၊ ပြန်လည်ပစ်ခတ်ရင်း နောက်ဆုံး သူတို့ဘက်က ငါးယောက် ကျသွားပြီး နောက်ဆုတ်သွားကြပါတယ်။ အားလုံး ကျွန်တော်တို့အရှုံးတွေပါပဲ။ ဒါပေမဲ့ အသက်အရှုံးတွေကို ကျွန်တော်တို့ ဂရုမစိုက်နိုင်ဘူး။ ကျွန်တော်တို့ သူတို့ဆီက

mgyoe.com

mgyoe.com SAMPLE BOOK

လက်နက်တွေ၊ ကျည်ဆန်တွေယူတယ်။ သူတို့သယ်လာတဲ့ ချက်ပြုတ်ပြီးသား အစားအစာတွေကို အလောင်းတွေဘေးမှာပဲ ထိုင်စားတယ်။ ကျွန်တော်တို့အားလုံးရဲ့ တစ်ပိုက်မှာတော့ နီရဲတဲ့သွေးတွေက ကျည်ဆန်ရာတွေကနေ တစိမ့်စိမ့်စီးကျနေပါရဲ့။

★

## အတိတ် - ၉

လေးလံရှုပ်ထွေးနေတဲ့ အတွေးတွေကို ဖယ်ရှားနိုင်ဖို့ သက်သာရာ ရလိုရငြား၊ တဘက်ကို ရေစွတ်ပြီး ခေါင်းမှာ ပတ်ထားလိုက်တယ်။ ဒါပေမဲ့ ဆိုးရွားတဲ့ အတိတ်တစ္ဆေရဲ့ ခြောက်လှန့်မှုကို လွန်ဆန်လို့ မရနိုင်ခဲ့ဘူး။

ကျွန်တော် အိပ်ပျော်သွားမှာ အရမ်းကြောက်လာမိတယ်။ ဖြစ်နိုင်ရင် ကျွန်တော့် မှတ်ဉာဏ်တွေကို ဆေးကြော ပစ်လိုက်ချင်တယ်။ အလွန်တန်ဖိုးရှိတဲ့ အရာတွေ ပါသွားမယ် ဆိုရင်တောင် ကျွန်တော် မလိုချင်တော့ဘူး။ ကျွန်တော် ဘယ်သူလဲ ဆိုတာတောင် ကိုယ့်ကိုယ်ကိုယ် မသိချင်တော့ဘူး။ တစ်ညလုံး ကျွန်တော် အိပ်မရဘူး။ ပြင်းထန်တဲ့ စိတ်ခံစားမှုတွေနဲ့ အလင်းရောင် ရောက်လာမယ့် အချိန်ကို ထိုင်စောင့်နေမိတယ်။ ဒါမှ ကျွန်တော် ဘဝအသစ်ကို ပြန်ရောက်မယ်လေ။ ဒါမှ ကျွန်တော် ငယ်စဉ်ဘဝက ပျော်ရွှင်မှုတွေကိုပြန်ရမယ်လေ။ အခုတော့ ကျွန်တော်က ဘဝသစ်၏နေ့စွဲများ၊ အတိတ်၏ မမေ့နိုင်သော ဖြစ်ရပ်များနှင့် အိပ်မက်ဆိုးများကြားမှာ ရှင်သန်နေထိုင်နေရပါတယ်။

★

## အတိတ် - ၁၀

ကျွန်တော်တို့ မက်ထယူဂွါန်မှာ မျှော်လင့်ထားတာထက် ပိုကြာနေခဲ့ပါတယ်။ ကျွန်တော်တို့ မိသားစုတွေနဲ့လည်း အဆက်အသွယ် မရ၊ ဘာသတင်းမှလည်း မကြားရပါဘူး။ အဆင်ပြေပါစေဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်ဆိုင်းမှုကလွဲရင် ကျွန်တော်တို့ ဘာမှလည်း လုပ်နိုင်စွမ်း၊ လုပ်ပေးနိုင်စွမ်း မရှိပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

သူပုန်တွေကတော့ မက်ထယူဂွျန်ရဲ့ အရှေ့မြောက်ဘက်မိုင် ၂၀ ကျော်လောက်ပဲဝေးတဲ့ ဆမ်ဗျူရာမြို့မှာ စခန်းချနေတယ်လို့ ကြားရပါတယ်။ မကြာခင်ကာလမှာပဲ ဆမ်ဗျူရာမြို့မှာ သူပုန်တွေက အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေ ပြုလုပ်ပြီး သူတို့လွှတ်ပေးတဲ့ လူတွေကနေ တစ်ဆင့် စာတစ်စောင် ပို့လိုက်ပါတယ်။ မက်ထယူဂွျန်မှာ နေထိုင်သူအတွက် သူတို့ တိုက်ပွဲဆင်နွှဲနေကြောင်းနဲ့ မကြာမီ ရောက်ရှိလာမည်ဖြစ်သဖြင့် သူတို့ကို ကြိုဆိုစေလိုကြောင်း ရေးသားထားပါတယ်။ သတင်းစကား သယ်ယူလာသူက လူငယ်တစ်ယောက် ဖြစ်ပါတယ်။ သူတို့ရဲ့ အမှတ်အသားအဖြစ် အာယူအက်ဖ်၊ ညီညွတ်သော တော်လှန်ရေးတပ်ဦး (RUF–Revolutionary United Front) ဆိုသော စကားလုံးကို သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဓားကိုအပူပေးပြီး ရေးပေးလိုက်ကြပါတယ်။ ဒါ့အပြင် လက်မကလွဲရင် ကျန်တဲ့ လက်ချောင်းတွေကိုလည်း ဖြတ်ထားလိုက်ပါတယ်။ စစ်ပွဲမတိုင်ခင်က လူတွေ တစ်ယောက်ကို တစ်ယောက် ချစ်ခင်မြတ်နိုးမှုကို ပြချင်ရင် လက်မထောင်ပြကြတဲ့ အဓိပ္ပာယ်ကို ဖော်ကျူးတဲ့ သင်္ကေတ တစ်ခုအနေနဲ့ လက်မတစ်ချောင်းတည်းကိုပဲ ချန်ထားခဲ့ကြတာပါ။

အဲဒီလို သတင်းစကားတွေ ရောက်လာတိုင်း လူတွေဟာ တောထဲမှာ သွားရောက် ပုန်းခို နေထိုင်ကြပါတယ်။ ကျွန်တော်တို့လည်း အများနည်းတူ ပုန်းအောင်းဖို့ ခါလီရဲ့မိသားစုတွေနဲ့အတူ သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ယူရင်း ထွက်လာခဲ့ကြတယ်။ ရုပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုတွေနဲ့ လွတ်လပ်ပျော်ရွှင်မှုတွေက မြို့ပြတစ်ခုရဲ့ ညဘဝတွေကို ဖန်တီးကြောင်း သိခွင့်ရခဲ့တဲ့ ကျွန်တော့်ဘဝရဲ့ ပထမဆုံး ညတစ်ညပါပဲ။ လူပေါင်းများစွာ ထွက်ပြေးတိမ်း ရှောင်နေတာကြောင့် မြို့ပြဟာ ကြောက်ရွံ့ထိတ်လန့်မှုတွေ မင်းမူနေခဲ့တယ်။ မြို့ပြရဲ့ညဟာလည်း ပိုလို့ မည်းမှောင်နေသလို တိတ်ဆိတ်မှုကလည်း အင်အားကြီး လွှမ်းခြုံထားပါတယ်။ အမှောင်ထုက အလွန်လျင်မြန်တဲ့အရှိန်နဲ့ ချဉ်းကပ်လာသလို ကောင်းကင်မှာလည်း လမထွက်ပါဘူး။ ပုံမှန်ထက် ပိုမိုပြင်းထန်တဲ့ လေတိုက်နှုန်းကလည်း တစ်စုံတစ်ခုကို သယ်ယူလာတော့မယ့် ဟန်ပန်နဲ့ ငြိမ်းခြောက်နေသလို ထူးခြားတဲ့ အခြေအနေသစ်ကို သဘာဝတရားကြီး ကိုယ်တိုင်ကပင် ကြောက်ရွံ့နေဟန် ပေါ်နေပါတယ်။

မြို့ရဲ့ လူဦးရေ အများစုက ရက်သတ္တပတ် တစ်ပတ်ကျော်တဲ့အထိ ပုန်းအောင်းနေကြပါတယ်။ သတင်းစကားတွေ ပိုမိုရောက်လာလေလေ တိမ်းရှောင်

mgyoe.com

mgyoe.com SAMPLE BOOK

ထွက်ပြေးသူတွေ များလာလေလေပါပဲ။ ဒါပေမဲ့ သူပုန်တွေကတော့ ပြောသလို ရောက်မလာခဲ့ပါဘူး။ အဲဒီလိုနဲ့ မြို့ကို လူတွေ ပြန်ရောက်လာကြပါတယ်။ အားလုံး က မူလအခြေအနေအတိုင်း ပြန်လည်တည်ငြိမ်စ ပြုလာခဲ့ပါပြီ။ ဒီတစ်ခါတော့ ထင်ရှားတဲ့ ဘုန်းတော်ကြီးတစ်ပါးက သတင်းစကားတစ်ခုကို သယ်ယူလာခဲ့ပါ တယ်။ သာသနာပြုလုပ်ငန်းတွေလုပ်ရင်း သူပုန်တွေနဲ့ တွေ့ခဲ့တာဖြစ်ပြီး သူပုန်တွေ က သတင်းစကား မပေးရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်ရုံမှတစ်ပါး ဘုန်းတော် ကြီးကို ဘာမှမလုပ်ခဲ့ကြပါဘူး။ အရင်လိုပဲလူတွေဟာ တောတွေထဲကိုအပြေးအလွှား ထွက်ခွာ ပုန်းအောင်းကြပြန်ပါတယ်။ ကျွန်တော်တို့လည်း ခါလီရဲ့ မိသားစုနဲ့ ဆားတွေ၊ ဆန်တွေ၊ ကြက်သွန်နီတွေ၊ ငါးခြောက်တွေကို သယ်ယူပြီး မူလ ပုန်း အောင်းရာနေရာကို ထွက်လာခဲ့ကြပါတယ်။ ပုန်းအောင်းပြီး ၁၀ ရက်ကြာတဲ့အထိ သူပုန်တွေ ရောက်မလာခဲ့ကြတော့ သူပုန်တွေ မလာတော့ဘူးလို့ပဲ ယူဆပြီး မြို့သူမြို့သားတွေဟာ ကိုယ့်အိမ်ကို ကိုယ် ပြန်လာခဲ့ကြပါတယ်။ မြို့ပြဟာ ပြန် လည်လို့ အသက်ဝင်လာခဲ့ပါပြီ။ ကျောင်းတွေကို ပြန်ဖွင့်လိုက်ပြီး လူတွေက လည်း သူတို့ရဲ့ပုံမှန်အလုပ်တွေကို ပြန်လုပ်နေကြပါပြီ။ မြို့ထဲမှာ ရှိနေတဲ့ စစ်သား တွေတောင် ဘာမှ လုပ်စရာမရှိဘဲ အေးချမ်းနေကြပါတယ်။

တစ်ခါတစ်ရံ ညနေစောင်းတွေမှာ ကျွန်တော် လမ်းလျှောက် ထွက်လေ့ ရှိပါတယ်။ နေလုံးနီနီကြီးရဲ့ ပန်းသွေးရောင် တိမ်တိုက်တွေအောက်မှာ အေးမြ လတ်ဆတ်တဲ့ လေနုအေးရဲ့ အထိအတွေ့ကို ကျွန်တော် အရမ်း သဘောကျမိ ပါတယ်။ ဒီနေ့တော့ လမ်းလျှောက်ထွက်ရင်းနဲ့ အမျိုးသမီးတွေရဲ့ ညစာ ချက်ပြုတ် ဖို့ ပြင်ဆင်နေကြတာကို မြင်ရလို့ အမေ့ကို သတိရမိတယ်။ အမေနဲ့အတူ ညစာ ချက်ဖို့ပြင်ဆင်ဖူးခဲ့တဲ့ အချိန်တွေကို တမ်းတမိတယ်။ တကယ်တော့ ယောကျ်ား လေးတွေကို မီးဖိုဆောင်ထဲဝင်ဖို့ ခွင့်မပြုခဲ့တဲ့ အမေက ကျွန်တော့်ကို ခြွင်းချက် အနေနဲ့ ခွင့်ပြုခဲ့ပါတယ်။

"မင်းရဲ့ တစ်ယောက်တည်းဘဝအတွက် ချက်တတ် ပြုတ်တတ်ဖို့ လိုတယ်"

အမေကပြောရင်း ငါးခြောက်တွေ ကျွေးပါတယ်။ ပြီးတော့–

"ငါ မြေးတော့ချီချင်တယ်။ တစ်သက်လုံး လူပျိုကြီးတော့ မလုပ်နဲ့"

အမေ့ကို လွမ်းဆွတ်တဲ့စိတ်တွေနဲ့ မက်ထယူဂျွန်ရဲ့ ကျောက်ခင်းလမ်း တွေပေါ် လျှောက်သွားရင်း မျက်ရည်စတွေ က တားမရဆီးမရ ပြိုကျလာခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးတော့ ထင်မှတ်မထားတဲ့ အချိန်မှာ မက်ထယူဂျွန်ကို သူပုန်တွေ အမှန်တကယ် ရောက်ရှိလာခဲ့ကြပါပြီ။ ထမင်းအိုးကို တည်ရင်း ရုံးပတီသီးပြုတ် ချက်နေစဉ်မှာပဲ သေနတ်သံတစ်ချက် ကြားလိုက်ရပါတယ်။ ဂျူနီယာ၊ တဲလွိုင်း၊ ဂစ်၊ ခါလီ၊ ကိုလိုကိုတို့ အခန်းထဲကနေ ထွက်ပြေးလာကြတယ်။

"မင်း သေနတ်သံ ကြားလိုက်လား"

"အေး၊ ကြားတယ်"

"စစ်တပ်က သေနတ် စမ်းနေတာလား မသိဘူး"

ကျွန်တော်တို့သေနတ်သံကို ဝေခွဲမရဖြစ်နေကြတဲ့ သုံးလေးမိနစ်အတွင်းမှာပဲ နောက်ထပ် သေနတ်သံတွေ ထပ်ကြားရပြန်ပါတယ်၊ ဒီအချိန်မှာတော့ ကျွန်တော်တို့စိုးရိမ်စပြုလာပါပြီ။ မြို့က ကြောက်လန့်ဖွယ်ကောင်းအောင် တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။ နောက်ထပ် ၁၅ မိနစ် အထိ သေနတ်ပစ်သံတွေ မကြားရတော့တဲ့အတွက် ကျွန်တော် မီးဖိုချောင်ထဲ ပြန်ဝင်ပြီး ထမင်းခူးနေခဲ့တယ်။ မကြာခင်မှာပဲ မိုးကြိုးပစ်လိုက်သလို အော်မြည်သံတွေနဲ့ သေနတ်ပစ်သံတွေကို ဆက်တိုက်ကြားလာရပြန်ပါတယ်။ သေနတ်သံတွေဟာ မြို့ကလေးကို ဖုံးလွှမ်းသွားပါပြီ။ ဘယ်သူမှ စဉ်းစားနေဖို့ အချိန်မရကြပါဘူး။ အားလုံးဟာ ကြောက်လန့်တကြားဦးတည်ရာကိုခြေဦးတည့်ရာ အော်ဟစ်ပိုယို ထွက်ပြေးကြပါတော့တယ်၊ တစ်ယောက်ကို တစ်ယောက် တွန်းထိုးတက်နင်းရင်း ပြုလဲရင်းနဲ့ လမ်းမတွေပေါ်မှာ ကမ္ဘာပျက်သလို ဆူညံပွက်လောရိုက်နေပါတယ်။

ဘယ်သူမှလည်း ဘာမှမသယ်နိုင်ကြပါဘူး။ ပင်ပန်းဆင်းရဲကြီးစွာ ရှာဖွေလုပ်ကိုင် စုဆောင်းထားတဲ့ ပစ္စည်းအားလုံးကို ထားရစ်ပြီး ကိုယ့်အသက်ကိုယ်ကယ်ဖို့မှတစ်ပါး ရွေးရန်မရှိတဲ့ အခြေအနေကို ရင်ဆိုင်ကြရပါတယ်။

သေနတ်သံတွေရဲ့ အောက်မှာ မိသားစုတွေ ဖရိုဖရဲ အလဲလဲအပြိုပြိုနဲ့ မိဘနဲ့သားသမီး ကွေကွင်းခဲ့ကြရပါပြီ။ ဘယ်ဘက်ရင်အုံအောက်က နှလုံးခုန်သံတွေအစား သေနတ်သံတွေကိုပဲ ကျွန်တော်တို့ ထိတ်လန့်တကြား ကြားနေရပြန်တယ်။

သူပုန်တွေက သေနတ်တွေကို မိုးပေါ် ထောင်ဖောက် ပစ်ခတ်ရင်း၊ လေးကိုင်းပုံသဏ္ဌာန်မြို့လေးကို ဝန်းရံ ချီတက်လာကြပါတယ်။ မက်ထယူဂျွန်ကို ဝင်ဖို့ လမ်းနှစ်လမ်း ရှိပါတယ်။ တစ်လမ်းက ဂျွန်မြစ်ကို ဖြတ်ကူးတဲ့နည်းဖြစ်ပြီး တစ်လမ်းကတော့ လမ်းမကြီးအတိုင်း လာတဲ့နည်းပါပဲ။ သူပုန်တွေက လမ်းမကြီးက

mgyoe.com

mgyoe.com SAMPLE BOOK

လာကြပြီး မြို့သူမြို့သားတွေ မြစ်ဘက်ကို ထွက်ပြေးဖို့ လမ်းဖွင့်ပေးထားပြီး သတ်ကွင်း ဆင်ထားပါတယ်။ အများစုက မရိပ်မိတဲ့အတွက် အကြောက်လွန်ပြီး မြစ်ထဲကို ခုန်ချရင်း ရေနစ် သေဆုံးသွားကြရပါတယ်။ မြို့ထဲမှာ နေရာယူထားတဲ့ အစိုးရ စစ်တပ်ကတော့ သူပုန်တွေ တကယ်ရောက်လာတဲ့ အချိန်မှာ ထွက်ပြေးသွားကြတဲ့အတွက် စစ်သားတွေ စခန်းချထားတဲ့ စစ်တပ်ဆီကို ပြေးမယ်လို့ ကြံရွယ်ထားတဲ့ ကျွန်တော်တို့ သူငယ်ချင်းတွေအကုန်လုံး အံ့သြမှင်တက်ကုန်ပါတယ်။ စစ်သားတွေ မရှိတော့တဲ့ သဲအိတ်ကာ တပ်စခန်းစည်းရိုးမှာ မတ်တတ်ရပ်ပြီး ဘယ်ကိုပြေးလွှား ရမယ် ဆိုတာ မသိနိုင်အောင် ဖြစ်နေရင်း နောက်ဆုံးတော့ သေနတ်သံတွေ အနည်းဆုံး ကြားရတဲ့ဘက်ကို ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ကံကောင်းထောက်မစွာ ကျွန်တော် ထွက်ပြေးလာခဲ့တဲ့လမ်းက မြို့ကနေ လွတ်မြောက်ဖို့အတွက် တစ်ခုတည်းသော ထွက်ပေါက်ဖြစ်နေပြီး လူတိုင်း အဲဒီကို ဦးတည် ပြေးလွှားနေကြပါတယ်။ သားပျောက်မိခင်တွေက သူတို့သားသမီး နာမည်တွေ အော်ဟစ်နေရင်း၊ ကလေးများစွာလည်း အနာတရ လဲပြိုကျရင်း မက်ထယူဠွန် မြို့ကလေးဟာ ငရဲဘုံကို ကျဆင်းခဲ့ပါပြီ။ ထွက်ပေါက်ကို ရောက်ဖို့အတွက် ကျွန်တော်တို့က ရွှံ့နွံအိုင်ကြီးတစ်ခုကို ဖြတ်ရပါလိမ့်ဦးမယ်။ ရွှံ့နွံအိုင်ကြီး ရောက်တော့ နွံနစ်တဲ့သူတွေ ဒဏ်ရာရနေတဲ့ သူတွေကို လှည့်မကြည့်နိုင်၊ ဂရုမစိုက်နိုင်ဘဲ ကျွန်တော်တို့ ကျော်လွှားခဲ့ကြရပါတယ်။ တစ်ယောက်ကို တစ်ယောက် ဖေးမ ကူညီခြင်း မရှိကြသလို၊ လက်တွဲခေါ်ယူခြင်းသည် ဝေးလေစွ။ ကမ္ဘာ မီးလောင် ခဲ့ပါပြီ။ သားကောင်ချနင်း ကြရပါတော့မယ်။

ရွှံ့နွံအိုင်ကြီးကို ဖြတ်သန်းပြီးမှ တကယ့် ဒုက္ခအစစ်အမှန်ကို ကြုံတွေ့ရပါပြီ။ ထွက်မပြေးအောင် ခြိမ်းခြောက်တဲ့အနေနဲ့ မိုးပေါ်ကို ထောင်ပစ်နေဟန် ပြတဲ့ သူပုန်တွေက ရွှံ့နွံအိုင်ကို ဖြတ်ကျော်နေတဲ့ သူတွေကို တကယ် ပစ်ခတ်ပါတော့တယ်။ သူတို့က မြို့သူမြို့သားတွေကို စွန့်ခွာ ထွက်မပြေးစေချင်ကြပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီလူတွေကို သူတို့က လူသားဒိုင်းအနေနဲ့ အသုံးချချင်ကြလို့ပါ။ အထူးသဖြင့် အမျိုးသမီးတွေနဲ့ ကလေးတွေကို သူတို့နဲ့အတူ မြို့ထဲမှာ ရှိနေစေချင်ပါတယ်။ ဒီနည်းလမ်းကို သုံးပြီး သူတို့ ကြာကြာ ရပ်တည်နိုင်အောင်၊ စစ်တပ်ရဲ့ တိုက်ခိုက်မှုတွေ နှောင့်နှေးအောင် ကြံစည်ကြတာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com GENTLE BOOK

ထွက်ပေါက်မရောက်ခင် ခဏပုန်းခိုနိုင်ဖို့အတွက် နွံအိုင်ကြီးနောက်က ချုံပုတ်ထူတဲ့ တောင်ကုန်းကြီးတစ်ခုပေါ် ကျွန်တော်တို့ ပြေးတက်ခဲ့ကြတယ်။ ဒါပေမဲ့ အကာအကွယ်မရှိတဲ့ ကွင်းပြင်ကျယ်ကြီးတစ်ခုကိုတော့ ဖြတ်ကြရပါလိမ့်ဦးမယ်။ လူအများစုလည်း ဒီကွင်းပြင်ကြီးကို ဖြတ်ဖို့ ကြိုးစားနေကြပါတယ်။ သူပုန်တွေကတော့ အဲဒီ ဧရိယာထဲကို စက်သေနတ်တွေ၊ အေကေ-၄၇ တွေ၊ ဂျီ-၃ တွေနဲ့အတူ လောင်ချာတွေနဲ့ပါ ပစ်ခတ်ပါတော့တယ်။ ကျွန်တော်တို့မှာ ရွေးချယ်စရာ မရှိတော့ဘူး။ ကျွန်တော်တို့ လူငယ်တွေအနေနဲ့ မြို့ထဲမှာ သေရတာထက် ထွက်ပြေးဖို့ ကြိုးစားရင်း သေဆုံးရတာပိုပြီး အဓိပ္ပာယ်ရှိတယ်လို့ ခံစားရပါတယ်။

လူငယ်တချို့ကိုတော့သူပုန်တွေက ဖမ်းဆီးလိုက်ကြပါတယ်၊ အာယူအက်ဖ်အမှတ်အသားတံဆိပ်ကိုသူပုန်တွေကအဲဒီလူငယ်တွေရဲ့လက်မောင်းတွေပေါ်မှာ ဓားတွေ မီးကင်ပြီး ထိုးပေးကြတယ်။ ဘယ်သူမှ ငြင်းဆန်ဖို့ မတတ်နိုင်ကြပါဘူး။ အာယူအက်ဖ်အမှတ်တံဆိပ် ထိုးဖို့ ငြင်းဆန်တာက သေခြင်းတရားကို တောင်းဆိုတာဖြစ်ပြီး၊ အမှတ်တံဆိပ် အထိုးခံလိုက်ရခြင်းကလည်း သူပုန်အဖြစ် အစိုးရစစ်တပ်နဲ့ စစ်တပ်လက်ဝေခံ အရပ်သားတွေရဲ့ အမေးအမြန်းမရှိအချိန်နေရာမရွေး သတ်ဖြတ်ခံရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ကတော့ သူပုန်တွေ ဖမ်းဆီးသတ်ဖြတ်ခြင်းမှ လွတ်မြောက်နိုင်ဖို့အတွက် ချုံပုတ်တစ်ခုကနေ တစ်ခုကို တိုးဝှေ့ရှောင်တိမ်း နေရပါတယ်။ ပြင်းထန်တဲ့ ပေါက်ကွဲသံတစ်ခုကို ရုတ်တရက်အနီးကပ် ကြားလိုက်ရတဲ့အတွက် ကျွန်တော်တို့လည်း ခေါင်းပုရင်း လေးဘက်ထောက်ပြီး ပြေးကြတော့တယ်။ အလောင်းတွေကိုခလုတ်တိုက်ပြီး လဲကျသူက လဲကျကြပါတယ်၊ တောအုပ်တစ်ခုလုံးက သစ်ပင်တွေလည်း မီးစွဲလောင်ကျွမ်းနေပါပြီ။ ကွင်းပြင်ကျယ်ကြီးကို ဖြတ်သန်းပြေးလွှားရင်း အခြားတစ်ဖက် ရောက်လုဆဲဆဲမှာ လောင်ချာနဲ့ ပစ်လိုက်သံကို ကြားရပြန်တယ်။ စက်သေနတ်သံတွေလည်း ဆူညံစွာ ထွက်ပေါ်လာတဲ့အတွက် ကျွန်တော်တို့လည်း နီးစပ်ရာ ချုံပုတ်တွေထဲကို ဒိုက်ဗင်ထိုး ဝင်ရောက်ပုန်းကွယ်ကြတယ်။ ကျွန်တော်တို့နောက်က ပါလာသူတွေကတော့ ကျွန်တော်တို့လောက် ကံမကောင်းရှာဘူး။ လောင်ချာဗုံးဆံက သူတို့ကို တည့်တည့် ထိမှန်ပြီး သေဆုံးကုန်ကြပါတယ်။ သူတို့ထဲက တစ်ယောက်ကတော့ ဗုံးဆံအပိုင်းအစတွေ ထိမှန်ပြီး နေရာမှာတင် မျက်လုံး ကန်းသွားတယ်။ သူ့ရဲ့ အော်ဟစ်ငိုကြွေး အကူအညီ

mgyoe.com

mgoe.com SAMPLE BOOK


တောင်းနေတဲ့ ပုံရိပ်တွေနဲ့အသံတွေကို ကျွန်တော်အခုအချိန်ထိ မမေ့နိုင်ပါဘူး။ ဘယ်သူမှလည်း ထွက်ပြီး မကယ်ရဲကြဘူး။ နောက်ထပ် လက်ပစ်ဗုံး တစ်လုံး ထိမှန်ပြီး သူ့ရဲ့ခန္ဓာကိုယ်ဟာ အပိုင်းပိုင်းအစစဖြစ်ကာ သူခံစားနေရတဲ့ဝေဒနာလည်း ချုပ်ငြိမ်းသွားပါတော့တယ်။ အဖြစ်အပျက်တွေဟာ အလွန်မြန်ဆန်လွန်းလှပါတယ်။

ကျည်ဆံတွေကြားက ကွင်းပြင်ကျယ်ကို ဖြတ်ကျော်နိုင်ခဲ့တဲ့ နောက်မှာ ရင်ဆိုင်ရတဲ့ အန္တရာယ်က မပြီးဆုံးသေးဘူး။ သူပုန်တွေ နောက်ကနေ လိုက်လာကြပြီး ပစ်ခတ်နေတုန်းပါပဲ။ ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ် အဲဒီလောက် မြန်မြန်ဆန်ဆန် ပြေးနိုင်လိမ့်မယ်လို့ တစ်ခါမှ မတွေးမိခဲ့ဘူး။ ကျွန်တော့်အရှေ့မှာ ဂျူနီယာနဲ့ ကျွန်တော့်အနောက်မှာ ကျန်သူငယ်ချင်းတွေ အသီးသီး ကိုယ့်အသက် ကိုယ်လုပြီး ပြေးလွှားနေကြတယ်။ အသက်ကို ဖက်နဲ့ ထုပ်တယ် ဆိုတာ ဒါမျိုး ထင်ပါရဲ့။ တစ်နာရီကျော်ကြာ ပြေးလွှားတဲ့နောက်မှာတော့ သူပုန်တွေ ပါမလာတော့ပါဘူး။ သူတို့ မက်ထယူဂျွန်ကို ပြန်လှည့်သွားကြပုံ ပေါ်ပါတယ်။

ရက်ပေါင်းများစွာ ကြာတဲ့အထိ ကျွန်တော်တို့ ခြောက်ယောက် လယ်ကန်သင်းရိုးလောက်သာ ရှိတဲ့ လမ်းပေါ်မှာ လျှောက်သွားနေခဲ့ကြရတယ်။ ဘေးတစ်ဖက် တစ်ချက်ဆီမှာ ထူထပ်တဲ့ ချုံနွယ်တွေ ပိတ်ဆို့လို့ ကျွန်တော့်ရှေ့ လျှောက်သွားနေတဲ့ ဂျူနီယာကို ကြည့်ရင်း တွေးမိပါတယ်။ ကျောင်းကအိမ်ကို ပြန်တဲ့အချိန် လက်ကို လွတ်လပ်ပေါ့ပါးစွာ လွှဲလွှဲပြီး လမ်းလျှောက်သလိုမျိုး သူ မလျှောက်နိုင်တော့ဘူး။ သူ ဘာတွေများ စဉ်းစားနေသလဲ ကျွန်တော် သိချင်လိုက်တာ။ စကားလုံးတွေ ပျောက်ဆုံးနေတဲ့ တိတ်ဆိတ်ခြင်းက ကျွန်တော်တို့ကို လွှမ်းမိုးထားပါတယ်။ ကျွန်တော်ကတော့ မိသားစုကိုပဲ မြင်ယောင်မိတယ်။ ခုချိန်လောက်ဆို သူတို့ ဘယ်ရောက်နေကြမလဲ။ အသက်အန္တရာယ် လုံခြုံတဲ့ နေရာမှာမှ ရှိပါလေစ။ ကျွန်တော် နဲ့ ဂျူနီယာအတွက် သူတို့ ဝမ်းနည်း ပူပန်ကြလေမလား။ မျက်ရည်တွေ ရစ်ဝိုင်းလို့ လာခဲ့ပြန်ပါတယ်။ ဒါပေမဲ့ ကျွန်တော် ငိုကြွေးလို့ မရပါဘူး။ တဂွီဂွီနဲ့ ဝမ်းဗိုက်ရဲ့ ဆာလောင်မှုက ဝမ်းနည်းစိတ်ကို အနိုင်ယူသွားတယ်။

လူတွေ စွန့်ခွာ ထွက်ပြေးခဲ့ကြတဲ့ ရွာတွေက အခင်းအကာမရှိတဲ့ မြေကြီးပေါ်မှာ လဲလျောင်းအိပ်စက်ရင်း ရောက်လာဦးမယ့် မနက်ဖြန်ပေါင်းများစွာကို ကျွန်တော် ကြောက်ရွံ့နေမိပါတယ်။ အခြေအနေတွေ ကောင်းလာနိုင်ပါ့မလား။ အခုစားနေရတဲ့ ပီလောပီနံ့ဥတွေထက် ပိုကောင်းတဲ့ အစားအစာတွေ စားရပါဦး

mgoe.com

m g ... E BOOK

မလားလို့လည်း ပူပန်မိပါတယ်။ ဒီလိုနဲ့ ငှက်ပျောပင်၊ လိမ္မော်ပင်နဲ့ အုန်းပင်တွေ အများအပြားရှိတဲ့ ရွာတစ်ရွာကို ကျွန်တော်တို့ ရောက်လာခဲ့ကြတယ်။ ခါလီက တော့ ကျွန်တော်တို့ထက် သစ်ပင်တက် ပိုကျွမ်းသူဖြစ်တဲ့အတွက် သူကပဲ အသီး တွေကို ရနိုင်သလောက် ခူးဆွတ်ပေးခဲ့ပါတယ်။ ငှက်ပျောသီးတွေကတော့ မမှည့် သေးတဲ့အတွက် အိမ်တစ်လုံးရဲ့ နောက်ဖေးအဖီမှာ အဆင်သင့်တွေ့ရတဲ့ မီးဖိုမှာ ပြုတ်ပြီး စားကြတယ်၊ မကြာသေးခင်ကမှ တစ်ယောက်ယောက် ရှိနေခဲ့ပြီး ကျွန်တော် တို့ လာတာကို တွေ့မှ ထွက်ပြေးသွားပုံ ပေါ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မီးက မွှေးပြီးသား ဖြစ်နေလို့ပါ။ ငှက်ပျောသီးပြုတ်ဟင်းထဲကို ဘာမှထည့်ချက် စရာ မရှိတဲ့အတွက် ဘာအရသာမှလည်း မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ တစ်လုံး မကျန်အောင် အငမ်းမရ စားပစ်လိုက်ကြတယ်။ ပြီးမှ လိမ္မော်သီး၊ အုန်းသီးတွေ ကို ဆက်စားကြတယ်။

နောက်ထပ်သွားရမယ့် ခရီးတွေမှာတော့ စားစရာဆိုတာ ချိုနဲ့လား လို့ မေးရလောက်ပါတယ်။ တစ်နေ့ပြီးတစ်နေ့ ဆာလောင်မွတ်သိပ်မှုက ကြီးစိုးရင်း အချိန်နဲ့အမျှ မျက်လုံးတွေ ပြာဝေလာနေတယ်။ အစာအိမ် အူနံရံတွေရဲ့ ပွတ်ခြေ မှုက ကျွန်တော်တို့ အသက်ဇီဝိန်ကို ခြွေချဖို့ကြိုးစားနေကြပါတယ်။ မက်ထယူဂျွန် ကိုပြန်လှည့်ရုံမှတစ်ပါး ရွေးချယ်စရာမရှိတော့ပါဘူး။ ဒါပေမဲ့ ကံကောင်းထောက်မ စွာနဲ့ပဲ မက်ထယူဂျွန်ကို သွားတဲ့လမ်းမှာ လူတချို့နဲ့ တွေ့ပြီး သူတို့ပေးတဲ့ ပိုက်ဆံ နဲ့ စားစရာတွေ ဝယ်စားရင်း ကျွန်တော်တို့ အသက်ဘေးက လွတ်မြောက်ခဲ့ကြရ ပါပြီ။

★

## အတိတ် – ၁၁

များသောအားဖြင့် ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတာကတော့ သုသာန်တစပြင် လို ခြောက်ကပ်တိတ်ဆိတ်ပြီး အရာအားလုံး ပြိုလဲပျက်စီးသွားပြီဖြစ်တဲ့ မြို့ပျက် ရွာပျက်တွေသာ ဖြစ်ပါတယ်။ ပုပ်သိုးနံဟောင်နေတဲ့ စားစရာတွေ၊ သွေးညှီနံ့နဲ့ အလောင်းကောင်တွေ၊ တစစီပြန့်ကျဲနေတဲ့ ပရိဘောဂပစ္စည်းတွေကို နေရာတကာ မှာ တွေ့နိုင်ပါတယ်။ အိမ်တစ်အိမ်ရဲ့ ဝရန်တာမှာ အဘိုးအိုတစ်ယောက် အိပ်ပျော် နေသလို ထိုင်ခုံတစ်ခုလုံးပေါ်မှာ ထိုင်နေတာကို တွေ့ရပါတယ်။ သေချာကြည့် တဲ့အခါ နဖူးမှာ သေနတ်ဒဏ်ရာနဲ့ ငုတ်တုတ်ကြီး သေဆုံးနေတာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

အိမ်ရှေ့လှေကားအောက်မှာတော့ လူနှစ်ယောက်ရဲ့ အလောင်းကိုထပ်တွေ့ရတယ်။ သူတို့ရဲ့ ခြေတွေ၊ လက်တွေ၊ လိင်အင်္ဂါတွေကို ဓားနဲ့ခုတ်ဖြတ်ပြီး မလှမ်းမကမ်းမှာ အားလုံးကို စုပုံထားတာ မြင်ရတော့ ကျွန်တော်တို့ အော့အန်ပြီး ဖျားချင်သလိုလို ဖြစ်လာတယ်။ ဒါပေမဲ့ အသက်ရှင်နိုင်ဖို့ မဖြစ်မနေ ခရီးဆက်ဦးမယ် ဆိုတဲ့ အသိက အားအင်တွေကို ပြန်လည် မွေးဖွားပေးခဲ့ပါတယ်။

အတတ်နိုင်ဆုံး အဓိကကျတဲ့ လမ်းမကြီးတွေကို ရှောင်ရှားပြီး ခိုးကြောင်ခိုးဝှက် အမြန်ဆုံး သွားလာ ရွေ့လျားနိုင်ဖို့ ကြိုးစားရပါတယ်။ တစ်အိမ်နဲ့ တစ်အိမ် ကူးဖို့ အိမ်နံရံတွေကို ပုန်းရင်း ကွယ်ရင်း သေချာအောင် ကြည့်ပြီးမှ ပြေးလွှား သွားလာရတယ်။ တစ်နေရာမှာတော့ လမ်းမကြီးကို ကူးပြီးပြီးချင်း ခြေသံတွေ ကြားလိုက်ရတဲ့အတွက် အနီးဆုံး အိမ်ထဲ ပြေးဝင်ပြီး အုတ်နံရံတစ်ခုရဲ့ နောက်မှာ ပုန်းကွယ်လိုက်ကြတယ်။ နံရံကနေ ချောင်းကြည့်တဲ့အခါမှာတော့ တီရှပ်အဖြူ၊ ဂျင်းဘောင်းဘီနဲ့ ညှပ်ဖိနပ် တွေ ဝတ်ဆင်ထားပြီး ခေါင်းမှာ ပဝါအနီပတ်ထားတဲ့ သူပုန်နှစ်ယောက်က သေနတ်တွေနဲ့ချိန်ရင်း ဆန်အိတ်တွေ၊ အိုးတွေ၊ ငရုတ်ကျည်ပွေ့တွေ သယ်လာတဲ့ မိန်းမပျိုတစ်ယောက်ကို ဖမ်းခေါ်လာတာ တွေ့ရပါတယ်။ သူတို့ အနိုင်ကျင့်နှိပ်စက်၊ မုဒိမ်းကျင့်ကြဦးမယ်။ လူမဆန်တဲ့ အစမ္မမှုတွေကို ကျူးလွန်ကြဦးမယ် ဆိုတာ တွေးရင်း ဒေါသထွက်လာတယ်။ ဒေါသထွက်တာပါ။ တကယ်တော့ ဒီမိန်းမပျိုတွေကို ကူညီဖို့ဝေးစွ၊ ကိုယ့်အသက်ရှင်ဖို့အတွက် အုတ်နံရံနောက်ကတောင် မထွက်ရဲခဲ့ကြပါဘူး။

နောက်ဆုံးတော့ ပြေးလွှားရင်း ပုန်းခိုရင်းနဲ့ ကျွန်တော်တို့ ခါလီ့အိမ်ကို ရောက်လာခဲ့ကြတယ်။ အိမ်တံခါးတွေမှာ ကျည်ဆန်ရာတွေ ဗရပွနဲ့ ရှိသမျှမှန်တွေလည်း ကွဲကြေနေကြပြီး အိမ်တစ်အိမ်လုံး ရစရာမရှိအောင် ပျက်စီးနေပါတယ်။ ဝရန်တာမှာတော့ စီးကရက်ဘူးခွံတွေ ပြန့်ကျဲလို့နေပါတယ်။ ပစ္စည်းတွေအားလုံးကို ရနိုင်သလောက် ဖောက်ထွင်း ခိုးယူထားကြတယ်။ စားစရာဆိုလို့ သူတို့သယ်မသွားနိုင်ခဲ့တဲ့ ဆန်အိတ်တချို့ပဲ ကျန်ရစ်ခဲ့တာပါ။ ကံကောင်းတာကတော့ ပလတ်စတစ် အိတ်အသေးနဲ့ အိပ်ရာခြေရင်းမှာ ကျွန်တော်ဝှက်ထားတဲ့ ပိုက်ဆံတွေကတော့ ဒီအတိုင်းပဲ ရှိနေတာပါပဲ။ ကျွန်တော်တို့လည်း ပိုက်ဆံတွေကို ယူပြီး မက်ထယူဂျွန်ကနေ အမြန်ပြန်ထွက်ဖို့ တစ်ခုတည်းသော ထွက်ပေါက်ဖြစ်တဲ့ နွံအိုင်ကြီးဆီ ဦးတည်ခဲ့ကြပါပြီ။

◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း( ၄ )

## အတိတ် - ၁၂

လူတချို့နဲ့အတူ ကျွန်တော်တို့ ခြောက်ယောက် နွံအိုင်ကြီးအစွန်းက လွင်ပြင်ကျယ်ကြီးကို အုပ်စုသုံးစုခွဲပြီး ဖြတ်ကျော်ဖို့ ဆုံးဖြတ်ကြပါတယ်။ ကျွန်တော်နဲ့ တဲလွိုင်းက ဒုတိယအုပ်စုမှာ ပါဝင်ပြီး ပထမဖြတ်သွားတဲ့အုပ်စုက အချက်ပေးတာနဲ့ တစ်ပြိုင်နက် ကျွန်တော်တို့လည်း သူပုန်တွေ၊ မမြင်အောင် တရွေ့ရွေ့သွားပြီး ကွင်းပြင်ကို ဖြတ်သန်းဖို့ ကြိုးစားကြတယ်။ နေရာတိုင်းမှာ အလောင်းတွေ ပြန့်ကျဲနေပြီး ယင်မည်းရိုင်းအုပ်ကြီးက တရုန်းရုန်းနဲ့ အသားတွေကို ပွဲတော်တည်နေကြတယ်။ ဒီလိုနဲ့ ကျွန်တော်တို့ ကွင်းပြင်ကျယ်ရဲ့ တစ်ဖက်ကို ရောက်လာခဲ့ကြ ပြီ။ သူပုန်တွေကတော့ မြစ်ဆိပ်မှာ ကင်းစောင့်မျှော်စင် အမြင့်ကြီး ထိုးပြီး စောင့်ကြည့်နေခဲ့ကြတာပါ။ နောက်အုပ်စုကတော့ ဂျူနီယာနဲ့ အခြားနှစ်ယောက်ပါ။ သူတို့တွေ ဖြတ်ကြတဲ့အခါ တစ်ယောက်ရဲ့ အိတ်ထဲက ထွက်ကျသွားပုံရတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

သံဒယ်အိုးက ကျောက်တုံးတစ်လုံးကို တိုက်မိပြီး အသံအကျယ်ကြီး ထွက်ပေါ်လာခဲ့ပါတယ်။ သူပုန်တွေ ကြားသွားပြီး သေနတ်တွေနဲ့ အသံလာရာဆီ ထိုးချိန်လိုက်ကြတာကို ကျွန်တော်တို့ ချုံပုတ်ထဲကနေ မြင်နေရတယ်။ ကျွန်တော့်နှလုံးသားတွေ ဆူပွက် ကုန်ပါပြီ၊ ဖြေဖျား လက်ဖျားတွေ အေးစက်လာပြီး ကျွန်တော့်အစ်ကို ဂျူနီယာကိုပစ်သတ်ကြတော့မယ်။ ဒါပေမဲ့ ဂျူနီယာက အလောင်းကောင်လို ဟန်ဆောင်ရင်း မြေပြင်မှာ လဲလျောင်းဝပ်ဆင်း ငြိမ်သက်နေတယ်။ အဲဒီအချိန်မှာပဲ မြို့ထဲကနေ သေနတ်ပစ်သံတွေ ရုတ်တရက် ဆူဆူညံညံ ကြားလိုက်ရတဲ့အတွက် သူပုန်တွေ မြို့ဘက်ကို အာရုံရောက် သွားခဲ့ပါပြီ။ ဂျူနီယာနဲ့ အခြားနှစ်ယောက်ကတော့ အသက်ဘေးကနေ အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့ပါတယ်။ ဂျူနီယာရဲ့ သွားကြားတွေထဲမှာ နွံ့တွေနဲ့ ပြည့်နှက်နေတယ်။ အသက်ကို ပြင်းပြင်းရှူရင်း လက်သီးကို တင်းနေအောင် ဆုပ်ထားလေရဲ့။ သူ့ရဲ့ မျက်နှာတစ်ခုလုံးမှာ ဖုန်မှုန့်တွေက ကပ်လို့။

နောက်ဆုံးအုပ်စုရဲ့ ကောင်လေးတစ်ယောက်ကတော့ အိတ်အကြီးကြီးကို မနိုင်မနင်းလွယ်ရင်း ဖြတ်ပြေးတဲ့အတွက် မျှော်စင်ပေါ်က သူပုန်တွေက မြင်သွားပြီး သူ့ကို သေနတ်နဲ့ ပစ်ခတ်ပါတော့တယ်။ သူပုန်တချို့ကလည်း ချက်ချင်းမျှော်စင်ပေါ်ကဆင်းလာပြီး အပြေးအလွှား ရောက်ရှိပစ်ခတ်ကြပါတယ်။

"အိတ်ကို ချခဲ့၊ သူပုန်တွေလာနေပြီ"

"မြန်မြန်ပြေး"

ကျွန်တော်တို့လည်း တီးတိုးသံနဲ့ သူ့ကို သတိပေးပေမယ့် သူကနားမထောင်ခဲ့ဘူး။ ကျွန်တော်တို့အားလုံး အသက်လုပြီး ထွက်ပြေးကြပါတယ်။ အိတ်ကြီးနဲ့ လူငယ်လေးကတော့ လမ်းမှာပဲ သေနတ်ဒဏ်ရာနဲ့ သေဆုံးသွားခဲ့ပါတယ်။

ဒီညတော့ ပိုက်ဆံတွေ ပါလာတဲ့အတွက် ကျွန်တော်တို့ အထူးပဲ ပျော်ရွှင်ကြရတယ်။ ညစာအတွက် အာလူးတွေ၊ ဒါမှမဟုတ် ပီလောပီနံ့နဲ့ ချက်ထားတဲ့ ထမင်းတွေ ဝယ်ကြမယ်။ ငတ်ထားသမျှ အတိုးချပြီး စားကြ သောက်ကြမယ်လို့ စိတ်ကူးပြီး ရွာဈေးကို ထွက်လာခဲ့ကြတယ်။ ချတ်ပြုတ်နေတဲ့ဆီက လာတဲ့ မွှေးပျံ့သင်းကြိုင်တဲ့ ရနံ့တွေကလည်း ကျွန်တော်တို့ကို ဆွဲဆောင်နေခဲ့ပါပြီ။ တစ်ခါတစ်ရံ ထင်မှတ်မထားတာတွေ ဖြစ်တတ်သလို ကံဇာတ်ဆရာကလည်း အပြုံးကြီးကြီးနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

လှည့်စားတတ်ပါတယ်။ ရွာဈေးမှာ အစားအစာ ရောင်းချမယ့်သူ တစ်ယောက်မှ မရှိပါဘူး။ တိုက်ပွဲတွေ ပိုပြင်းထန်လာရင် ဒီထက်အခြေအနေတွေ ပိုဆိုးလာပြီး အကျိုးဆက်အနေနဲ့ ဖြစ်ပေါ်လာတတ်တဲ့ ငတ်မွတ်မှုဘေးဒဏ်ကို ကာကွယ်နိုင်ကြဖို့ လူတွေက စားစရာတွေကို ကြိုတင် စုဆောင်းနေကြပါတယ်။

အသက်ဘေးနဲ့ ရင်ဆိုင်ပြီး ဒုက္ခတရားကို ကြီးကြီးမားမား စိန်ခေါ်လို့ ရလာခဲ့တဲ့ ပိုက်ဆံတွေဟာ အခုတော့ အသုံးမဝင်တော့ပါဘူး။ အမှိုက်စတွေ ဖြစ်သွားခဲ့ပြီ။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒီရွာမှာနေတာ ပိုပြီး လုံခြုံမယ်လို့ ကျွန်တော်တို့ ယူဆတဲ့အတွက် မက်ထယူဥျာန်ကို မပြန်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကျွန်တော့်အနေနဲ့ အခုလို ဖြစ်နေတဲ့ အခက်အခဲတွေ၊ ပြဿနာတွေအတွက် တစ်ယောက်ကိုတစ်ယောက် အပြစ်တင်ချင်ပေမယ့် ခက်တာက ဘယ်သူ့ကို အပြစ်တင်ရမှန်းမသိတာပါ။ အရာရာအားလုံးဟာ လျင်မြန်စွာ ပြောင်းလဲနေကြတယ်။ ဘယ်သူမှ ဘာကိုမှ ထိန်းချုပ်လို့မရနိုင်တဲ့ အခြေအနေတွေနဲ့ တွေ့ကြုံနေကြရတယ်။ ကျွန်တော်တို့အတွက်ကတော့ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အဖြစ်နိုင်ဆုံးနည်းလမ်းတွေကို ရှာဖွေပြီး ရှေ့ခရီးကို ဆက်ကြရပါဦးမယ်။ ကျွန်တော်တို့ရဲ့ ဆာလောင်မှုကို ရွာသားတွေ အိပ်တဲ့အချိန်မှာ သူတို့စားစရာတွေကို ခိုးဝှက်စားသောက်ရင်း ဖြေရှင်းလိုက်ကြပါတယ်။ ဒီညကို ဖြတ်ကျော် လွန်မြောက်နိုင်ဖို့အတွက် ဒီနည်းလမ်းကသာ တစ်ခုတည်းသော အဖြေ မဟုတ်လား။

ရေတောင် သောက်မရနိုင်လောက်အောင်အထိကို ဆာလောင်မှုတွေက အစာအိမ်ကို ဒုက္ခပေးလာခဲ့ပါတယ်။ အူတွေရဲ့ နာကျင်မှုကို အပြင်းအထန် ခံစားရပြီး ဝမ်းဗိုက်တစ်ခုလုံးလည်း တောင့်တင်းနေခဲ့ရင်း အာဟာရ ချို့တဲ့မှုက ကျွန်တော်တို့ နှုတ်ခမ်းတွေကို ဖြူရော်သွေးဆုတ်နေစေခဲ့ပါပြီ။ အဆစ်အမြစ်တွေ ပြုတ်ထွက်မတတ် နာကျင် ကိုက်ခဲနေခဲ့တယ်။ နံရိုးတွေ တစ်စစီ ကျိုးပဲ့ထွက်ကုန်မလား ထင်ရလောက်အောင်ကို ဆိုးဝါးတဲ့ ဝေဒနာတွေက ကျွန်တော်တို့ကို တိုက်ခိုက်နေခဲ့ပါတယ်။ ဘယ်နေရာမှာမှ စားစရာရှာလို့ မရနိုင်တော့သလို ကျေးငှက်တွေ၊ ယုန်တွေ၊ သားကောင်ငယ်တွေကိုလည်း ဘယ်မှာမှ မမြင်တွေ့ရတော့ပါဘူး။ ကတုန်ကယင်နဲ့ ခန္ဓာကိုယ်ရဲ့ အားအင်ဆုတ်ယုတ်မှုကို ကျွန်တော်တို့ ကြီးကြီးမားမား ရင်ဆိုင်နေရပါပြီ။

★

mgyoe.com

mgyoe.com SAMPLE BOOK

## အတိတ် - ၁၃

တစ်ညနေခင်းမှာတော့ ပြောင်းဖူးနှစ်ဖူးကို လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ ကလေးငယ် တစ်ယောက်ကို ရွာထဲက လမ်းပေါ်မှာ တွေ့ရပါတယ်။ လက်တစ်ဖက်ဆီမှာ ပြောင်းဖူး တစ်ဖူးစီ ဆုပ်ကိုင်စားသောက်ရင်း ပျော်ရွှင်နေတဲ့ ငါးနှစ်အရွယ် ကလေးငယ် တစ်ယောက်ပါ။ ကျွန်တော်တို့ ဘာမှ မပြောဖြစ်ဘူး။ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြရင်း ဆတ်ခနဲ ကောင်လေးဆီကနေ ပြောင်းဖူးကို ဆွဲလုလိုက်ကြပြီး ကျွန်တော်တို့ ခြောက်ယောက် ချက်ချင်း ခွဲဝေစားသောက်လိုက် ကြပါတယ်။ အခြေအနေက အရမ်းမြန်တော့ ဘာဖြစ်သွားမှန်းတောင် မသိလိုက်ရဘဲ ကောင်လေးဟာ ရုတ်တရက် ဆိုသလို မှင်တက်သွားရင်း ငိုယိုပြီးနောက် သူ့မိဘတွေ ကို သွားတိုင်ပါတယ်။ ဒါပေမဲ့ သူ့မိဘတွေက ကျွန်တော်တို့ရဲ့ ဆာလောင်မှုဒုက္ခကို နားလည်ကြပုံပေါ်ပါတယ်။ ဘာမှမပြော၊ ဘာမှ မလုပ်ကြဘဲ ကျွန်တော်တို့ကို ပြောင်းဖူး တစ်ဖူးစီ ထပ်ပေးလိုက်ကြပါသေးတယ်၊ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိကြောင်း ခံစားရပေမယ့် နေ့စဉ်ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ရင်ဆိုင်ဖြတ်ကျော်ပြီး တစ်နေ့အတွက် ရှင်သန်ဖို့ကိုပဲ လုံးပန်းနေကြရတဲ့အချိန်မှာ အချိန်အကြာကြီး လည်း ဝမ်းနည်းပူဆွေး နောင်တရ မနေနိုင်ပါဘူး။ အခုလည်း အစာရေစာ ရှာဖွေ မရခြင်းက ရှေ့ဆက်ရမယ့် ခရီးအတွက် အဟန့်အတား ဖြစ်လာခဲ့ပြန်ပါတယ်။ ဘယ်ဆီဘယ်ဝယ် မသေချာတဲ့ခရီးကို အစာရေစာမဲ့ ရှေ့ဆက်ကြမလား၊ မက်ထယူ ပွါန်ကိုပဲ နောက်ကြောင်း ပြန်လှည့်ကြရပါဦးမယ်။ အလွန်ကို အန္တရာယ်ကြီးတဲ့ ခရီးတစ်ခုပါ။ ဒါပေမဲ့ ငတ်မွတ်ခေါင်းပါးမှုက ပိုလို့ အန္တရာယ်ကြီးပါတယ်။ နွေရာသီ ကာလ အဝါရောင်မြက်ပင်တွေနဲ့ အားလုံးက ခြောက်သွေ့ညှိုးမွှဲလျက်၊ စိမ်းစို လန်းဆန်းခဲ့ဖူးတဲ့ တောအုပ်ကြီးကို ညှိုးရော် ခြောက်ခန်းခြင်းတွေက ဝါးမျိုလျက်။

ရာသီဥတု အလွန်ပူပြင်းတဲ့အတွက် အင်္ကျီတွေချွတ်ပြီး လျှောက်လာတဲ့ ကျွန်တော်တို့ကို ရုတ်တရက် ပေါ်လာတဲ့ သူပုန်သုံးယောက်က သေနတ်နဲ့ ထိုးချိန် လိုက်ကြပါတယ်။

"ဒီကောင်တွေ ကြောက်ပြီး တုန်နေတာက မျောက်တွေကို ရေနှစ်ထား သလိုပဲကွ"

သေနတ်နဲ့ ချိန်ထားတဲ့ သူပုန်တစ်ယောက်က ကျွန်တော်တို့ကို ဖြတ် လျှောက်သွားတဲ့ သူ့အဖော်နှစ်ယောက်ဆီ လှောင်ရယ်သံနဲ့ လှမ်းပြောလိုက်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

တယ်။ ပြီးတော့ သူတို့နဲ့ မျက်နှာချင်း မဆိုင်ဝံ့တာနဲ့ မျက်လုံးချင်း မဆုံအောင် ခေါင်းကို ငုံ့ထားတဲ့ ကျွန်တော့်ကို လုံ့စွပ်နဲ့ ထိုးရင်း ခေါင်းပြန်မော့ခိုင်းပါတယ်။ သူ့ရဲ့ ခံစားချက်မဲ့အေးစက်တဲ့ မျက်နှာသွင်ပြင်ကို ကြည့်ရင်း ကျွန်တော် ကြောက်ဒူး တွေလည်း တဆတ်ဆတ် တုန်လာပါတယ်။ သူပုန်နှစ်ယောက်က ဂျင်းအင်္ကျီ၊ ဘောင်းဘီတွေ၊ အကောင်းစား ဦးထုပ်တွေနဲ့ နာမည်ကြီး အဲဒီဒက်စ်တံဆိပ် ဖိနပ် တွေကို စီးထားပြီး နောက်တစ်ယောက်ကတော့ ပဝါအနီကို ခေါင်းမှာ ပတ်ရင်း စစ်ဝတ်စုံကို ဝတ်ထားပါတယ်။ သုံးယောက်လုံး အသက်နှစ်ဆယ်ဝန်းကျင် တွေပါ။ ထူးခြားတာကတော့ သူတို့ရဲ့ လက်မှာ ပတ်ထားတဲ့ တန်ဖိုးကြီး နာရီတွေ ဖြစ်ပါတယ်။ ဘယ်လိုနည်းနဲ့မှ ဒီပစ္စည်းတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်မဖြစ်နိုင်သလို ချွေးတွေ၊ သွေးတွေနဲ့ ရင်းပြီး သမ္မာအာဇီဝကျကျ လုပ်ကိုင်ရင်း ရလာတဲ့ အရာတွေ လည်း မဟုတ်နိုင်ပါဘူး။ လက်နက်အားကိုးနဲ့ အနိုင်ကျင့်ဗိုလ်ကျ လုယူခဲ့ကြတဲ့ ပစ္စည်းတွေသာ ဖြစ်ပါတယ်။

ကျွန်တော်တို့ကို ရွာထဲ ပြန်ခေါ်သွားရင်း လမ်းမှာ စကားတွေ အများကြီး ပြောပါတယ်။ သူတို့အသံမှာ နွေးထွေးမှု၊ ကရုဏာတရား၊ စာနာ နားလည်မှုတွေ တစ်ခုမှ မပါပါဘူး။ သူတို့ပြောသမျှကိုလည်း ဘာမှ မမှတ်မိပါဘူး။ ကျွန်တော် သိတာ၊ ကျွန်တော် တွေးမိနေတာက သေခြင်းတရားပါပဲ။ မကြာခင် သေခြင်း တရားနဲ့ ရင်ဆိုင်တွေ့ရတော့မယ်။ မေ့မြောမသွားအောင် ကျွန်တော် မနည်း အားတင်း ထားရတယ်။

ကျွန်တော်တို့ ရွာနားနီးလာတော့ သူပုန်နှစ်ယောက်က ရှေ့က သွားနှင့် ကြလို့ ကျွန်တော်တို့ ခြောက်ယောက်နဲ့ သူပုန်တစ်ယောက်ပဲ ကျန်ရစ်ခဲ့ပါတယ်။ ကျွန်တော် တွေးမိတယ်။ သူတို့ကို ပြန်တိုက်ခိုက်ဖို့ ။ ဒါပေမဲ့ မဖြစ်နိုင်ဘူး။ သူ့ လက်ထဲမှာ စက်သေနတ်ကြီးနဲ့။ ကျည်ဆန်အိတ်ကိုလည်းလွယ်ထားသေးတယ်။ ကျွန်တော်တို့ကို လက်မြှောက်ပြီး သုံးယောက်နှစ်တန်း လျှောက်ခိုင်းရင်း သူက တော့ နောက်ကနေ သေနတ်နဲ့ချိန်ပြီး လိုက်လာပါတယ်။

"မင်းတို့ တစ်ယောက်မှ လှုပ်ရှားမယ် မကြံနဲ့"

"အကုန်သေသွားမယ်"

"အသက်တောင်ပြင်းပြင်းမရှူနဲ့ နောက်ဆုံးထွက်သက် ဖြစ်သွားမယ်"

အော်ဟစ်ရယ်မောပြီး ပြောတဲ့ သူ့အသံက ပွဲတင်ထပ်သွားသလို၊ မိုးခြိမ်း လိုက်သလိုလို။ ကျွန်တော့်သူငယ်ချင်းတွေ တစ်ယောက်မှ ဘာမှ မလုပ်မိစေဖို့

mgyoe.com

mgyoe.com SAMPLE BOOK

ဆုတောင်းမိတယ်။ ယားရင်တောင် မကုတ်မိပါစေနဲ့။ ကျွန်တော့် ဦးခေါင်းရဲ့ နောက်ဘက်က ပူပြီး ကျိန်းစပ်သလို ယားကျိကျိ ခံစားရတယ်။ အချိန် မရွေး ခေါင်းထဲကို ကျည်ဆန် ဝင်လာနိုင်တယ်လေ။

ကျွန်တော်တို့ရွာရောက်တော့ ရှေ့ကသွားနှင့်တဲ့ သူပုန်နှစ်ယောက်က ရွာထဲမှာ ရှိနေတဲ့ လူတွေကို သေနတ်နဲ့ချိန်ရင်း အိမ်တစ်အိမ်ရဲ့ ခြံဝင်းထဲမှာ ထိုင်ခိုင်းထားတယ်။ လူငယ်တွေ၊ လူလတ်ပိုင်းတွေ၊ သက်ကြီးရွယ်အိုတွေ၊ မိန်းကလေးတွေ အားလုံး ၁၅ ယောက်ကျော်လောက် ရှိမယ်။ ခြံဝင်းရဲ့ ဘေးပတ်လည်မှာတော့ ထူထပ်တဲ့ ချုံနွယ်တွေ ပေါက်ရောက်နေကြပါတယ်။ မှောင်စပျိုးလာပြီဖြစ်တဲ့အတွက် သူပုန်တွေက သူတို့ ယူလာတဲ့ ခတ်မီးတွေကို အနီးအနားမှာ ရှိတဲ့ မောင်းထောင်းဆုံတွေပေါ်မှာ တင်ထွန်းလိုက်ကြပြီး ထွက်မပြေးနိုင်အောင်လည်း အော်ဟစ် ကြိမ်းမောင်းနေကြတယ်။ တလှုပ်လှုပ် တရွရွဖြစ်နေတဲ့ လူစုကို ထိန်းသိမ်းနေစဉ်မှာပဲ ရွာရဲ့တံတားကို ဒယိမ်းဒယိုင် ဖြတ်ကူးလာတဲ့ အဘိုးအိုတစ်ယောက်ကို ကျွန်တော်တို့တွေ့လိုက်ကြတယ်။ သူပုန်တစ်ယောက်က ချက်ချင်းပဲ တံတားဆီ ပြေးသွားပြီး အဘိုးအိုကို တွန်းတိုး ကန်ကြောက်ရင်း ခြံဝင်းထဲခေါ်လာခဲ့ပြီး မြေကြီးပေါ် တွန်းလှဲလိုက်တယ်။ အတော့်ကို အားအင် ဆုတ်ယုတ်နေပုံရတဲ့ အဘိုးအိုရဲ့ မျက်နှာမှာ ထိတ်လန့်ကြောက်ရွံ့မှုတွေကို အတိုင်းသား မြင်နေရပါတယ်။

သူပုန်တစ်ယောက်က မြေကြီးပေါ် လဲနေတဲ့ အဘိုးအိုရဲ့ ဦးခေါင်းကို သေနတ်နဲ့ချိန်ပြီး ပြန်ထခိုင်းနေပါတယ်။ မတ်မတ်ရပ်ဖို့ ကြိုးစားနေရင်း တဆတ်ဆတ် တုန်ခါနေတဲ့ အဘိုးအိုရဲ့ ခြေထောက်တွေဟာ တရွတ်တိုက် ဆွဲနေတာကို မြင်တဲ့အခါမှာ သူပုန်တွေအားလုံး ဟားတိုက် ရယ်မောကြပါတော့တယ်။ ကျွန်တော်တို့ကိုလည်း သူတို့နဲ့အတူလိုက်ရယ်ဖို့ သေနတ်တွေနဲ့ချိန်ပြီး အမိန့်ပေးဟယ်။ အတွင်းစိတ်ထဲက ကြေကွဲပူဆွေးနေတဲ့ နှလုံးသားရဲ့ ငိုကြွေးသံတွေကို သေနတ်ပြောင်းတွေ အောက်မှာပဲ ရယ်မောသံတွေအနေနဲ့ ပြောင်းလဲခဲ့ကြရတယ်။ ဟားတိုက်ရယ်မောခဲ့ကြရပါတယ်။ တုန်ယင်လာတဲ့ လက်တစ်စုံကို လက်သီးကျစ်ကျစ် ပါအောင် ဆုပ်ရင်း၊ အားကိုတင်းရင်း ၊ တောင့်ခံရင်း။

"အဘိုးကြီး ဘယ်က လာတာလဲ၊ မက်ထယူဥ္စန်က ထွက်လာတာ မဟုတ်လား"

"ဒီမှာတွေ့လား၊ လုံ့စွပ်နဲ့ တစ်ခါတည်း ထိုးထည့်လိုက်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"အခု ကျုပ်တို့ မေးတာ ဖြေမှာလား၊ မဖြေဘူးလား"

နဖူးပေါ်က သွေးကြောတွေ ပေါက်ထွက်မတတ် တင်းမာ ခက်ထန်လှတဲ့ မျက်နှာထားနဲ့ သူပုန်တစ်ယောက်က တုန်ယင်နေတဲ့ အဘိုးအိုံ လည်ကုပ်ကို လှံစွပ်နဲ့ ထောက်ရင်း မျက်နှာကို တည့်တည့်ကြည့်ပြီး မေးလိုက်ပါတယ်။ သူ့ရဲ့ ဒေါသ တကြီးနဲ့ အနီရောင်မျက်လုံးတွေက မြင်ရသူအဖို့ ဘီလူးသဘက် စီးနေသလို ပါပဲ။ ဒီစစ်ပွဲ မတိုင်ခင်က ဘယ်လူငယ် လူရွယ်ကမှ သက်ကြီးရွယ်အို လူကြီးသူမ တွေကို ရုန့်ရင်း ကြမ်းတမ်းစွာ ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံရဲကြဘူး။ မဆက်ဆံ ကြပါဘူး။ ကျွန်တော်တို့တစ်တွေဟာ အကျင့်အကြံ၊ အပြုအမူကောင်းတွေနဲ့ တစ်ဦးကို တစ်ဦး ရိုသေလေးစားစွာ ဆက်ဆံရင်း လူ့အဖွဲ့အစည်းမှာ ယဉ်ကျေးမှု ရှိတဲ့ လူတန်းစား တစ်ရပ်အနေနဲ့ ကြီးပြင်းလာခဲ့တာပါ။

"ငါ့ မိသားစုကို ရှာဖို့ မက်ထယူဂျွန်က ထွက်လာခဲ့တာ"

ထစ်ထစ်ငေါ့ငေါ့နဲ့ အဘိုးအိုက အသက်ကို ခဲခဲယဉ်းယဉ်း ရှူပြီး ပြောရှာ ပါတယ်။ သစ်ပင်မှာ မှီပြီး ဆေးလိပ်သောက်နေတဲ့ စက်သေနတ်ကိုင် သူပုန် တွေက အလျင်စလိုပဲ အဘိုးအိုဆီ ရောက်လာပြီး နဖူးကို သေနတ်နဲ့ ချိန်လိုက် ပါတယ်။

"အဘိုးကြီး အပိုတွေ ပြောမနေနဲ့"

"လွတ်မြောက်ရေးတိုက်ပွဲတွေနဲ့ ပတ်သက်နေတဲ့ အကြောင်းတရား တွေကို မြင်ဖို့ ခင်ဗျား ထွက်လာတာမဟုတ်လား"

အဘိုးအိုကတော့ သူ့မျက်လုံးတွေကို ပိတ်လိုက်ပြီး တစ်ကိုယ်လုံး တုန်ယင်နေပါတယ်။ ကျွန်တော် တွေးမိတယ်။ လွတ်မြောက်ရေးရဲ့ အကြောင်း တရား၊ ဘာအကြောင်းတရားလဲ၊ အပြစ်မဲ့ အရပ်သားတွေကို သတ်ဖြတ်ညှဉ်းပန်း နှိပ်စက်မှုတွေက လွတ်မြောက်ရေးရဲ့ အကြောင်းတရားတဲ့လား၊ သူပုန်တွေက အဘိုးအိုနဲ့ မေးမြန်းမှုတွေ ဆက်လုပ်နေကြတယ်။ ကျွန်တော့် အတွက်တော့ ကြားတစ်ချက်၊ မကြားတစ်ချက်နဲ့ မူးနောက် ရီဝေလာပါတယ်။ သူပုန် တစ်ယောက် ကတော့ ရွာထဲမှာရှိတဲ့ အိမ်တွေမှာ အာယူအက်ဖ်တံဆိပ်ကို သုတ်ဆေးနဲ့ လိုက်ပြီး ရေးသားနေပါတယ်။ ကျွန်တော် တွေ့ဖူးသမျှထဲမှာတော့ အတော့်ကို ဖြစ်ကတတ်ဆန်းနိုင်တဲ့ ရေးသားမှုပါပဲ။ သူ့စကားလုံးတွေကို သူတောင် ပြန်ဖတ် တတ်ပါ့မလား။ စာကော တတ်ရဲ့လားလို့ ကျွန်တော် တွေးမိပါတယ်။ အာ၊ ယူနဲ့ အက်ဖ် သုံးလုံးလောက်ပဲ ရေးတတ်တယ် ထင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"နောက်ဆုံး ဘာပြောချင်သေးလဲ အဘိုးကြီး"

အဘိုးအိုရဲ့ ဦးခေါင်းကို သေနတ်နဲ့ချိန်ပြီး မေးလိုက်တဲ့အခါ အဘိုးအို အနေနဲ့ကတော့ ပြောနိုင်စွမ်း မရှိတော့ပါဘူး။ သူပုန်က ရုတ်တရက် ဆိုသလို သေနတ်မောင်းကို ဆွဲလိုက်ပါတယ်။ မိုးကြိုးပစ်လိုက်သလို အသံနဲ့ လျှပ်စီးလက်သွားသလို သေနတ်ပြောင်းဝကနေ ထွက်လာတဲ့ မီးတောက်ကို ကျွန်တော် မြင်လိုက်ရပါတယ်။ နှလုံးခုန်သံတွေ တဒိန်းဒိန်းနဲ့ ချက်ချင်းပဲ ကျွန်တော့်မျက်နှာကို မြေကြီးပေါ် လှဲလိုက်မိတယ်။ ကျွန်တော့်ဒူးတွေ မခိုင်တော့ပါဘူး။ ကျွန်တော် ခေါင်းကို ပြန်မော့ကြည့်လိုက်တဲ့အခါ အဘိုးအိုဟာ ခွေးတစ်ကောင် သူ့အမြီးပေါ်က ယင်ကောင်ကို လိုက်ဖမ်းနေသလို ချာလပတ်လည် ယမ်းရင်း အသံနက်ကြီးနဲ့ အော်ဟစ်နေပါတယ်။

"ငါ့ခေါင်း၊ ငါ့ဦးနှောက်တွေ မရှိတော့ဘူး"

သူပုန်တွေကတော့ အဘိုးအိုကို ကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်မောနေကြတယ်။ နောက်ဆုံးမှာတော့ အဘိုးအိုက ချာချာလည်နေရာက ရပ်သွားပြီး တဖြည်းဖြည်းချင်း သူ့လက်တွေကို မြှောက်လိုက်ပါတယ်။

"ငါ မြင်ရပြီ၊ ငါ ကြားရပြီ"

အဘိုးအိုဟာ အော်ဟစ်ရင်း မေ့မြောသွားတယ်။ တကယ် ပစ်လိုက်တာ မဟုတ်ပါဘူး။ အဘိုးအိုရဲ့ ဦးခေါင်းအနီးမှာ ပစ်ခတ်လိုက်တာပါ။ သူတို့ဟာ သူတို့ လုပ်ဆောင်မှုအတွက် အလွန်ကို ပျော်ရွှင်နေကြတယ်။

အားလုံးပြီးတော့ သူပုန်တွေဟာ ကျွန်တော်တို့ဘက်ကို လှည့်လာပြန်ပါတယ်။ သူတို့တပ်ဖွဲ့အတွက် တပ်သားသစ်တွေ ရွေးချယ်မယ်ဆိုပြီး ကျွန်တော်တို့ အားလုံးကို တန်းစီခိုင်းပြန်တယ်။ ယောကျ်ားတွေ၊ မိန်းမတွေ၊ ကျွန်တော့်ထက်ငယ်တဲ့ ကလေးသူငယ်တွေတောင် ပါပါသေးတယ်။ သူတို့တွေက တန်းစီထားသူတွေကို မျက်လုံးချင်းဆုံအောင် လိုက်ကြည့်ကြပါတယ်။ ပထမဆုံး ခါလီ့ကို ရွေးချယ်ကြပြီး ကျွန်တော်နဲ့ အခြားလူတချို့ကို ထပ်ရွေးတယ်။ ရွေးချယ်ထားတဲ့ သူတွေကို အခြားတစ်ဖက်မှာ မျက်နှာချင်းဆိုင် တန်းစီခိုင်းတယ်။ ဂျူနီယာ့ကိုတော့ သူတို့ မရွေးကြပါဘူး။

ကျွန်တော်က တန်းစီထားတဲ့ နေရာကနေ ဂျူနီယာ့ကို လှမ်းကြည့်မိပေမယ့် သူက ကျွန်တော့် အကြည့်တွေကို ရှောင်ရှားဖို့အတွက် ခေါင်းငုံ့ထားပါတယ်။ အခုတော့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ ဘဝတွေ ခြားနားသွားပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်တို့ရဲ့ ဆက်ဆံရေးဟာလည်း ပြိုကွဲခဲ့ရပါပြီ။ ကျွန်တော်သူပုန်တစ်ယောက် ဖြစ်လာတော့မယ်။ ဒါပေမဲ့ ဒီတစ်ကြိမ်မှာလည်း ကံတရားက ဖေးမကူညီပြန်ပါတယ်။ ရွေးထားတဲ့ တပ်သားသစ်တွေကို သူတို့ မကြိုက်သေးလို့ နောက်တစ်ကြိမ် ထပ်ရွေးကြဖို့ သူတို့ ဆုံးဖြတ်လိုက်ကြပါတယ်။

"ငါတို့ အားကောင်းမောင်းသန် ယောကျ်ားတွေ လိုချင်တယ်၊ ပျော့ညံ့တဲ့ ငကြောက်တွေ မလိုချင်ဘူး"

သူပုန်တွေက ကျွန်တော်တို့ကို လူအုပ်ကြားထဲ ပြန်တွန်းထည့်လိုက်တဲ့ အခါ ကျွန်တော်က ဂျူနီယာနဲ့ ဘေးချင်းကပ် အစွန်တန်းကို ရောက်သွားပါတယ်။ အဲ့ဒီအခါ သူက ကျွန်တော့်ကို အသာလေး လက်နဲ့တို့လိုက်ပြီး ခေါင်းကို ပွတ်သပ်ပေးပါတယ်။

"နောက်ဆုံးအကြိမ် ရွေးချယ်မှုအတွက် တန်းစီကြ"

သူပုန်တစ်ယောက်က အော်ဟစ်လိုက်တယ်။ ဒီတစ်ကြိမ်မှာတော့ ကျွန်တော် ရွေးချယ်မခံရတော့ဘဲ ဂျူနီယာတစ်ယောက် ရွေးချယ်ခံရပါတယ်။ တပ်သားသစ် ဖြစ်လာမယ့် သူတွေကို ရွေးပြီးတဲ့နောက် သူပုန်တွေက ကျွန်တော်တို့ကို မြစ်ဆီ ခေါ်လာခဲ့ကြတယ်။

"မင်းတို့အားလုံးရှေ့မှာ အရွေးမခံရတဲ့ သူတွေကို သတ်ပြီး မင်းတို့ကို ငါတို့တပ်ဦးရဲ့တပ်သားတွေအဖြစ် စာရင်း သွင်းမယ်။ ဒီလိုလုပ်ရခြင်းက မင်းတို့ကို ရဲရင့်ပြီး သန့်စွမ်းတဲ့သူတွေ ဖြစ်စေချင်လို့ပဲ။ အခု ကျန်တဲ့သူတွေကို ဒီဘဝမှာ မင်းတို့ ထပ်ပြီး တွေ့ရတော့မှာ မဟုတ်ဘူး"

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ရင်ဘတ်ကို ထုပြီး ကျယ်လောင်စွာ ရယ်မောရင်း သူပုန်တစ်ယောက် က အော်ဟစ် အမိန့်ပေးနေတယ်။ ကျွန်တော် ဂျူနီယာ့ကို လှည့်ကြည့်တော့ သူ့မျက်လုံးက နီရဲနေပြီး မျက်ရည်စတွေကို သုတ်ဖို့ တုန်ယင်နေတဲ့ သူ့လက်တွေကို ငြိမ်သက်အောင် ကြိုးပမ်းနေပါတယ်။ ကျွန်တော်ကတော့ တိတ်တိတ်လေးငိုကြွေးနေရင်း ခေါင်းထဲမှာ တရိပ်ရိပ်နဲ့ မူးဝေလာပါတယ်။ အော့အန်နေတဲ့ အရွေးခံရသူတွေထဲက တစ်ယောက်ကို သူပုန်တွေက သေနတ်နဲ့ ရိုက်ရင်း ကျွန်တော်တို့အုပ်စုထဲကို ပြန်တွန်းထည့်လိုက်တယ်။ မျက်နှာမှာ သွေးတွေ ခြင်းခြင်းနီနေပေမယ့် သူပုန်တွေကတော့ ရိုက်နှက်နေတာကို မရပ်ကြပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့ကောင် ကြောက်မနေနဲ့၊ နောက်အလှည့်ကျရင် မင်းကို သတ်တော့မှာ"

နောက်သူပုန်တစ်ယောက်က လှမ်းအော်ပြောရင်း အားရပါးရ ရယ်မောနေပါတယ်။

ကျွန်တော်တို့ကို သူတို့က မြစ်ကမ်းနဖူးမှာ ဒူးထောက်ပြီး လက်မြှောက်ခိုင်းထားတဲ့ အချိန်မှာပဲ ရွာဘက်က ကျယ်လောင်တဲ့ သေနတ်ပစ်သံတွေ ကြားလိုက်ရပါတယ်။ သူပုန်နှစ်ယောက်က အနီးဆုံး သစ်ပင်ကြီးတွေမှာ နေရာယူလိုက်ကြပြီး အခြားတစ်ယောက်ကတော့ မြေပြင်မှာ ပြားနေအောင်ဝပ်ရင်း သေနတ်သံ ထွက်ပေါ်လာတဲ့ အရပ်ကို သူ့ရဲ့သေနတ်နဲ့ ချိန်ရွယ်ထားပါတယ်။

"သူတို့ ဘယ်သူတွေ ..."

မြေကြီးပေါ်မှာ ဝပ်နေတဲ့ သူ့ရဲ့ စကားသံဟာ မဆုံးလိုက်ပါဘူး။ ကျည်ဆန်တွေ ပလူပျံပြီး ရောက်ရှိလာပါတယ်။ သူပုန်တွေကလည်း အပြန်အလှန် ပစ်ခတ်နေတဲ့အချိန်မှာ ကျွန်တော်တို့အားလုံး လွတ်ရာကင်းရာ ထွက်ပြေးကြတယ်။ ကျည်ဆန်တွေ၊ သူပုန်တွေနဲ့ ဝေးရာဆီ။

သတိထားမိသွားတဲ့ အချိန်မှာတော့ သူပုန်တွေကလည်း ထွက်ပြေးသူတွေရဲ့ နောက်ကို လိုက်လံပစ်ခတ်တယ်။ ကျွန်တော်တို့လည်း တောအုပ်ရဲ့ အနက်ရှိုင်းဆုံး ချုံပုတ်တွေထဲကို တိုးဝင်ခဲ့ပြီး မြေကြီးနဲ့ တစ်သားတည်း ဖြစ်နိုင်သမျှ သစ်တုံးတစ်တုံးလို လှဲရင်း တွားသွားကြပါတယ်။ ဒါတောင်မှ ကျည်ဆန်တွေက ကျွန်တော်တို့ ခေါင်းပေါ်က ကျော်ပြီး သစ်ပင်တွေရဲ့ ပင်စည်ကို ထိမှန်ကြပါသေးတယ်။ ကျွန်တော်လည်း ခဏနားပြီး အသက်ကိုဝအောင် ရှူသွင်းလိုက်တယ်။ အနီရောင်မီးပွင့်တွေနဲ့ ကျည်ဆန်တွေ ပျံသန်းနေတာကို ညအချိန်မှာ ပုန်းအောင်းနေတဲ့ နေရာက ကောင်းကောင်း မြင်နိုင်ပါတယ်။

လူတချို့ကို ဖမ်းမိသွားခဲ့ကြောင်း သူတို့ရဲ့ ပြင်းထန်တဲ့ ထိခိုက်နာကျင်အနာတရ ဖြစ်မှုကြောင့် ဆူညံအော်ဟစ် ငိုယိုသံတွေက သက်သေပြနေပါတယ်။ သူပုန်တွေရဲ့ ရက်စက် ကြမ်းကြုတ်စွာ ညှဉ်းပန်းနှိပ်စက်မှုကြောင့် အမျိုးသမီးတစ်ယောက်ရဲ့ စူးရှတဲ့ ဟစ်အော်သံက တောအုပ်ကြီးတစ်ခုလုံးကို ပဲ့တင်သံတွေနဲ့ ပျံ့နှံ့နေခဲ့ပြီး ကျွန်တော့်ကို ပိုမိုထိန့်လန့်မှု ဖြစ်စေကာ သွားတွေ တကျိကျိနဲ့ ကျဉ်တက်လာခဲ့ပါတယ်။ အဝေးဆုံးကို ကျွန်တော်တို့ တတ်နိုင်သမျှ တွားသွားတယ်။ သစ်ပင်ကြီးတစ်ပင်အောက်က ချုံပုတ်တွေထဲမှာ ပုန်းခိုရင်း ရွေ့လျားသွားသံတွေ မရှိတော့တဲ့အချိန်အထိ များစွာ စောင့်စားနေခဲ့ရတယ်။ ဒီအချိန်ဆို သူပုန်တွေရဲ့ တပ်သားသစ်ရွေးပွဲ ပြီးသွားပြီး မအောင်မြင်လို့ ဒေါသတကြီး ဖျက်ဆီး

mgyoe.com

m gyoe.com SAMPLE BOOK

နေလောက်ပြီ။ အချိန်အတော်ကြာတဲ့အထိ သေနတ်သံတွေကို ကြားနေရတုန်းပဲ။ ကောင်းကင်မှာထူထပ်တဲ့ မီးခိုးတွေနဲ့ ရွာက မီးတောက်မီးလျှံတွေရဲ့ အရှိန်ဟာ တောအုပ်ကြီးတစ်ခုလုံးကို ဝင်းဝင်းတောက်နေစေခဲ့တယ်။

နောက်ထပ်တစ်နာရီ ကြာတဲ့ အချိန်မှာတော့ သေနတ်သံတွေ တဖြည်းဖြည်း ရပ်သွားပါပြီ။ ကျွန်တော်လည်း ဘာဆက်လုပ်ရမလဲ၊ ဘယ်သွားရမလဲဆိုတာ စဉ်းစားဆုံးဖြတ်လို့ မရပါဘူး။ အဲဒီအချိန်မှာပဲ ကျွန်တော့်နောက်ဘက်က ရွှေ့လျားသံတစ်ခုကို ကြားလိုက်ရတဲ့အခါ အရမ်းထိတ်လန့်သွားခဲ့တယ်။ နောက်မှ ကျွန်တော် အသံကို ကျက်မိသွားတယ်။ တဲလွိုင်း၊ ဂျူနီယာနဲ့ ကျွန်တော့်သူငယ်ချင်းတစ်တွေ မမျှော်လင့်ဘဲ ဦးတည်ရာတူတဲ့ အရပ်ကို ထွက်ပြေးမိခဲ့ကြတယ်။ ကံတရားရဲ့ ကူညီထောက်ပံ့မှု တစ်ခုပါပဲ။ ကျွန်တော် သူတို့အားလုံး သေဆုံးကုန်ပြီ၊ ဒါမှမဟုတ် တကွဲတပြားစီ ပျောက်ဆုံးကုန်ကြပြီလို့ ထင်ထားတာ။

"ဂျူနီယာ၊ တဲလွိုင်း၊ ဂစ်၊ ကလိုကို၊ ခါလီရေ မင်းတို့လားဟေ့"

ကျွန်တော် ဟစ်အော်လိုက်ပါတယ်။ အသံတွေအားလုံး ငြိမ်သက်ရပ်တန့် သွားတယ်။

"ဂျူနီယာ ကြားလား"

"အေး... ငါတို့ ဒီသစ်တုံးကြီးရဲ့နောက်မှာ"

ကျွန်တော် အရမ်းဝမ်းသာသွားတယ်။ ဂျူနီယာနဲ့ ကျွန်တော် အကြည့်ချင်း ဆုံမိကြတဲ့အခါ အမှတ်မထင် ပြုံးပြပြီး သေခြင်းတရားနဲ့ ဆုံခဲ့ကြရတဲ့ အချိန်ကလို ကျွန်တော့်ခေါင်းကို ပွတ်သတ်ပေးပြန်ပါတယ်။

ညက တိတ်ဆိတ်လွန်းတဲ့အတွက် ကျွန်တော်တို့ ဘယ်သူမှ စကားမပြောရဲကြဘူး။ လမ်းလျှောက်နေကြပေမယ့် ခြေထောက်တွေက မြေကြီးနဲ့ မထိသလိုပဲ။ ရွာကိုရောက်တော့ မီးက မိုးလင်းတဲ့အထိ ဆက်လောင်နေဆဲပါ။ စကားလုံးတွေက ရင်ထဲမှာ ဆို့နစ်ပျောက်ဆုံးနေပါတယ်။ ကျွန်တော်တို့အားလုံး ကမ္ဘာသစ်တစ်ခုကို ရောက်လာသလို တစိမ့်စိမ့်အတွေးတွေနဲ့ လောင်မြိုက်နေကြတယ်။ မနက်ပိုင်းမှာတော့ အိပ်မက်ဆိုးက လန့်နိုးလာတဲ့ သူတွေလို ဖရိုဖရဲ ဇဝေဇဝါနဲ့ စကားပြောဖို့ အတော်လေး အားထုတ်ကြရတယ်။ ဒီရွာက နေ အမြန်ဆုံး ထွက်သွားပြီး လုံခြုံတဲ့ နေရာတစ်ခုဆီ ဘယ်လောက်ဝေးဝေး ဦးတည်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဒါပေမဲ့ လုံခြုံတဲ့အရပ်ဆိုတာ ဘယ်နေရာမှာရှိလဲ ကျွန်တော်တို့မသိပါဘူး။သိလည်းမသိနိုင်ခဲ့ပါဘူး။တစ်နေရာရာကိုတော့ တွေ့အောင် ရှာကြရပါလိမ့်ဦးမယ်။

★

mgyoe.com

## အတိတ် – ၁၄

တိုက်ပွဲတွေကြောင့် ရောက်ရာအရပ်ကို ထွက်ပြေးနေရပြီး ဘေးဒုက္ခအန္တရာယ်တွေကို နေ့စဉ်ခံစား ကြုံတွေ့နေရချိန်တွေမှာ တစ်ယောက်တည်း မဟုတ်ဘဲ အစ်ကို ဂျူနီယာ၊ သူငယ်ချင်းလေးယောက်နဲ့ အတူတကွ ရှိနေကြတာကိုက အတော်လေး ကံကောင်းတယ်လို့ ဆိုရပေမယ့် အလုံးစုံ ကံကောင်းတယ်လို့လည်း မပြောနိုင် ပြန်ပါဘူး။ အခုလိုမျိုး ခြောက်ယောက် စုစည်းမိခြင်းက ကျွန်တော်တို့ကို အားအင်တွေ ဖြစ်စေခဲ့သလို တခြားတစ်ဖက်မှာလည်း ဆိုးကျိုးတွေ ပေးပြန်ပါတယ်။ အဲဒီကာလမှာ သူပုန်တွေက ကျေးရွာတွေကို ဖျက်ဆီးဖို့ ၊ ရွာသူရွာသားတွေကို သတ်ပြီး ရသမျှပစ္စည်းတွေကို ယူငင်ဖို့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့လို အရွယ် လူငယ်တွေကို အထူးတပ်ဖွဲ့အနေနဲ့ ဖွဲ့စည်းပြီး အရပ်ဒေသမျိုးစုံကို စေလွှတ်ထားပါတယ်။ ဒါကြောင့် ရွာသူရွာသားအများစုဟာ လူငယ်အုပ်စုတွေကို မြင်တာနဲ့ သူပုန်တပ်ဖွဲ့ တွေထင်ပြီး တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ လိုက်လံသတ်ဖြတ်လေ့ ရှိပါတယ်။ ဒီအန္တရာယ်ကို ကျော်လွှားနိုင်ဖို့အတွက် ရွာတွေကို ဖြတ်သန်းသွားတဲ့ အဓိက လမ်းမကြီးတွေ ရှောင်ရှားပြီး ရွာအပြင်ဘက်လမ်းတွေကိုသာ ကျွန်တော်တို့ အသုံးပြုရတယ်။ ဖြစ်နိုင်သမျှ ချုံပုတ်တွေ ကြားထဲကသာ ခရီးဆက်ကြတယ်။ ဒီနည်းလမ်းက ကျွန်တော်တို့အသက် အန္တရာယ်အတွက် လုံခြုံစိတ်ချရဆုံးဖြစ်ပြီး ကြုံတွေ့လာနိုင်တဲ့ အထင်အမြင် လွဲမှားမှု အရှုပ်အထွေးကိုလည်း ရှောင်ကြဉ်နိုင်ပါလိမ့်မယ်။ ယုံမှားသံသယဖြစ်မှုတွေ၊ တစ်ဦးပေါ်တစ်ဦး ယုံကြည်မှု ပျောက်ဆုံးခြင်းတွေက ပြည်တွင်းစစ်ရဲ့ ဆိုးရွားတဲ့ အကျိုးဆက်များစွာထဲက တစ်ခုဖြစ်ပြီး အခုကာလလိုမျိုး တိုက်ပွဲတွေအတွင်းမှာ လူတွေဟာ သူစိမ်းတွေကို ယုံကြည်နိုင်ဖို့ ဆိုတာကလွဲလို့ အနီးဆုံး မိတ်ဆွေရင်းချာတွေကိုတောင် သံသယနဲ့ စောင့်ကြည့် ဆက်ဆံကြလေ့ ရှိတယ်။

တစ်နေ့တော့ ရွာတစ်ရွာရဲ့ တောစပ်တစ်ခုကို ဖြတ်သန်းခဲ့ကြတဲ့ အချိန်မှာ ကြွက်သားတွေ အပြိုင်းပြိုင်းထနေတဲ့ လူ့ဘီလူးလို လူကြီးတွေ ပါဝင်တဲ့ လူအုပ်စုတစ်ခု ကျွန်တော်တို့ရှေ့မှာ ရုတ်တရက် ပေါ်လာပြီး သူတို့ရဲ့ အမဲလိုက်ရိုင်ဖယ်တွေ၊ တောခုတ်ဓားတွေကို မြှောက်ပြီး ကျွန်တော့်ကိုကို ရပ်ဖို့ ခြိမ်းခြောက်အော်ဟစ်ပါတယ်။ သူတို့က ကျေးရွာလုံခြုံရေးအဖွဲ့ဝင်တွေဖြစ်ပြီး သူတို့ရဲ့ ရွာသူကြီးဆီ လိုက်ခဲ့ကြဖို့ အမိန့်ပေးလာတယ်။

mgyoe.com

mgyoe.com E BOOK

လူအုပ်ကြီးနဲ့ ပြည့်ကျပ်နေတဲ့ ရွာလူကြီးရဲ့ အိမ်ကို ရောက်တဲ့အခါ လူထွားကြီးတစ်ယောက်က ကျွန်တော်တို့ကို အဲဒီလူအုပ်ကြီးရဲ့ ရှေ့မြေကြီးပေါ်ကို တွန်းပို့လိုက်ပြီး ကြိုးတွေနဲ့ အထပ်ထပ်တုပ်နှောင်တယ်။ လက်တွေကို နောက်ပစ်ပြီး လက်ပြန်ကြိုးတုပ်တဲ့အချိန်မှာတော့ နာကျင်မှုကြောင့် ကျွန်တော် မျက်ရည် ပိုးပိုးပေါက်ပေါက် ကျခဲ့ရပါတယ်။

ရှန်းကန်ဖို့ ကြိုးစားလေလေ နာကျင်လေလေပါပဲ။ မကြာခင် ရွာသူကြီး ထွက်လာပြီး မေးခွန်းထုတ်ပါတယ်။

"မင်းတို့က သူပုန်တွေလား၊ ဒါမှမဟုတ် စပိုင်တွေလား"

"မဟုတ်ပါဘူး"

ကျွန်တော်တို့ အသံတွေ တိုက်ထားသလို ညီတူ ထွက်လာကြတယ်။ ရွာလူကြီးက အရမ်းကို စိတ်ဆိုးသွားပြီး ကျွန်တော်တို့ကို ဟိန်းဟောက် ပါတော့တယ်။

"မင်းတို့ အမှန်အတိုင်း ဖွင့်မပြောဘူးဆိုရင် အခု ဒီလူအုပ်ကြီးကို ကျောက်ခဲတွေနဲ့ပစ်သတ်ခိုင်းပြီး မင်းတို့ကို မြစ်ထဲ ပစ်ချပစ်မယ်"

ကျွန်တော်တို့က ကျောင်းသားတွေဖြစ်ကြောင်း အခုဖြစ်စဉ်က အကြီးအကျယ် လွဲမှားနေကြောင်း ရှင်းပြကြပေမယ့် လူအုပ်ကြီးကတော့ ပိုပြီး ဆူညံစွာ အော်ဟစ်ကြပါတယ်။

"သူပုန်တွေကို သတ်ပစ်"

"မြစ်ထဲကို ပစ်ချပစ်"

အစောင့်တွေကျွန်တော်တို့တွေကိုရှာဖွေကြတဲ့အခါ သူတို့တွေ့တာက ရက်ပ်သီချင်းတွေနဲ့ တစ်ခုတည်းသော ကက်ဆက်တစ်လုံးပါပဲ။ ရွာလူကြီးက ဒီကက်ဆက်ကို ဖွင့်ပြဖို့ အမိန့်ပေးပါတယ်။ ပြီးတော့ သူ့မှတ်ဆိတ်မွေးတွေကို ပွတ်သပ်ရင်း စဉ်းစားရင်းလည်း မေးပါသေးတယ်။

"မင်းတို့ ဒီကက်ဆက်ကို ဘယ်လိုရခဲ့သလဲ ငါ့ကို ပြောပြကြစမ်း"

ကျွန်တော်တို့က ရက်ပ်ပါတွေဖြစ်ကြောင်း၊ ရက်ပ်သီချင်းတွေ သီဆိုကြောင်း ပြောပြလိုက်ကြတယ်။ ရွာသူကြီးက ရက်ပ်သီချင်းတွေကို မသိသလို ရက်ပ်ဂီတကိုလည်း မကြားဖူးပါဘူး။ အဲဒါကြောင့် ကျွန်တော်တို့ အနေနဲ့ နားလည်အောင် မနည်းရှင်းပြရပါတယ်။ ပြီးတော့ ကျွန်တော်တို့ဟာ ရက်ပ်သီချင်းနဲ့အတူ ကပြဖျော်ဖြေသူတွေ ဖြစ်တဲ့အကြောင်း၊ မက်ထယူဂျွန်မှာ တေးဂီတအဖွဲ့ ရှိကြောင်း

mgyoe.com

mgoe.com

ရှင်းပြရပြန်ပါတယ်။ သူက လူငယ်တစ်ယောက်ကို ခေါ်ပြီး မက်ထယူဂွန်က ကျွန်တော်တို့ကို သိသူ ရှိ၊ မရှိ၊ ရက်ပ်ဂီတကို ကြားဖူးခြင်း ရှိ၊ မရှိကို မေးမြန်းတယ်။ ကံကောင်းစွာပဲ လူငယ်တစ်ယောက်က ကျွန်တော်၊ ကျွန်တော့် အစ်ကို၊ ကျွန်တော့် သူငယ်ချင်းတွေ၊ ကျွန်တော်တို့ ပြုလုပ်တဲ့ ဂီတအဖွဲ့ အစည်းကို သိနေခဲ့တယ်။ ကျွန်တော်တို့ကတော့ သူ့ကို မသိပါဘူး။ မျက်နှာလေးတောင် မမှတ်မိပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က သူ့ကို တရင်းတနှီး ကျွမ်းဝင်ဖူးသလို နွေးထွေးစွာ ပြုံးပြလိုက်ကြပါတယ်။ သူက ကျွန်တော်တို့အားလုံးရဲ့ အသက်ကို ကယ်တင်ခဲ့ပါပြီ။

ကျွန်တော်တို့ကို ချည်ထားတဲ့ ကြိုးတွေကို ဖြေပေးလိုက်ပြီး ပီလောပီနံနဲ့ ချက်ထားတဲ့ ဟင်းတွေ၊ ကျပ်တင်ထားတဲ့ ငါးခြောက်တွေနဲ့ ဖွယ်ဖွယ်ရာရာ ချက်ကျွေးကြတော့ ကျွန်တော်တို့လည်း ငတ်မွတ်မှုကြောင့် ဟန်မဆောင်နိုင်ဘဲ တဝတပြ စားသောက်ကြပါတယ်။ ကျွန်တော်တို့ ထွက်သွားဖို့ ပြင်ဆင်တဲ့အချိန်မှာတော့ ရွာလူကြီးနဲ့ ကျွန်တော်တို့ကို ကြိုးတုပ်ခဲ့တဲ့ လူတချို့က ရွာမှာပဲ နေထိုင်တည်းခိုနိုင်ကြောင်း ပြောကြပေမယ့် သူတို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မေတ္တာတရားအတွက် အလွန်ကျေးဇူးတင်ကြောင်း ပြောပြရင်း နှုတ်ဆက် ထွက်ခွာခဲ့ကြပါတယ်။ ဆက်လက် တည်းခိုနေထိုင်ဖို့ မဖြစ်နိုင်ပါဘူး။ မကြာခင် သူပုန်တွေ ဒီရွာကလေးကို ရောက်ရှိလာကြတော့မှာပါ။

တရွေ့ရွေ့နဲ့ ထူထပ်တဲ့ တောအုပ်တစ်ခုကို ဖြတ်သန်းလာခဲ့ကြတယ်။ သစ်ပင်တွေကတော့ ငြိမ်သက်နေတဲ့ လေထုနဲ့ အတူတည်ငြိမ်စွာ ရှိနေကြပြီး ကောင်းကင်ကြီး တစ်ခုလုံးက အညိုရောင် တိမ်တိုက်တွေနဲ့ ပြည့်နှက်နေတယ်။ အဆုံးမရှိတဲ့ မီးခိုးတန်းတွေ များစွာ ပြေးလွှား ဆော့ကစားနေကြသလိုနဲ့ နေရောင်ခြည်ရဲ့ အားအင်ကို စိုးမိုးထားကြတယ်။ ညနေနေဝင် ဆည်းဆာအချိန်မှာတော့ ကျွန်တော်တို့ဟာ ရွှံ့တွေနဲ့ မံပြီး ဆောက်လုပ်ထားတဲ့ အိမ်ခြောက်လုံးသာရှိတဲ့ စွန့်ပစ်ခံ ရွာကလေးတစ်ရွာကို ရောက်ရှိလာခဲ့ကြတယ်။ ကျွန်တော်တို့တွေ အလွယ်တကူတွေ့ရတဲ့ အိမ်တစ်လုံးရဲ့ အိမ်ရှေ့ခန်းမှာ နေရာယူလိုက်ကြပါတယ်။ ကျွန်တော်ကတော့ ချွေးတွေ သီးနေတဲ့ ဂျူနီယာရဲ့ မျက်နှာကို လှမ်းကြည့်ပြီး သုန်မှုန်နေတဲ့ သူ့ကို ပြုံးပြပေမယ့် သူက မတ်တတ်ထရပ်လိုက်ပြီး ခြံထဲဆင်းသွားတယ်။ နေလုံးကြီး ပျောက်ကွယ်သွားတဲ့ အချိန်အထိ ခြံထဲမှာ လှုပ်ရှားမှု မရှိ ငြိမ်သက်နေပါတယ်။ သူပြန်ဝင်လာတဲ့ အချိန်ကစပြီး ကျွန်တော် သူနဲ့ မျက်လုံးချင်း

mgoe.com

ဆုံ စကားပြောလေမလားလို့ မျှော်လင့်မိပေမယ့် သူကတော့ မော့တောင်ကြည့်ဖော် မရဘဲ ကျောက်တုံးတစ်တုံးနဲ့ ဆော့ကစားရင်းသာ မြေကြီးကိုသာ ငေးကြည့်နေပါတော့တယ်။

တစ်ချိန်တုန်းက ဂျူနီယာက ကျွန်တော့်ကို ရေပြင်ပေါ်မှာ ဖြတ်ပြီး ရှပ်တိုက်ကျောက်တုံးပစ်နည်း သင်ပေးခဲ့ဖူးပါတယ်။ ခန္ဓာကိုယ်ကို ဘေးတိုက်ကွေးပြီး ကျောက်တုံးကို ပစ်ထည့်လိုက်တဲ့အခါ ကျောက်တုံးက ရေပြင်ပေါ်မှာ ရှပ်တိုက်ပြီး အဝေးကြီးကို ရောက်သွားပါတယ်။ ဂျူနီယာက ကျွန်တော့်ကို ပစ်ခိုင်းတဲ့အခါ ကျွန်တော် မလုပ်နိုင်ခဲ့ပါဘူး။ အဲဒီလိုပဲ တစ်နေ့ မြစ်ဆိပ်ကနေ အိမ်ကို ကျွန်တော်တို့ ရေပုံးတွေကို ခေါင်းပေါ်ရွက်ပြီး သယ်လာကြတယ်၊ လမ်းရောက်တော့ ကျွန်တော် ချော်လဲပြီး ရေပုံးထဲက ရေတွေ မှောက်ကုန်တယ်။ ဂျူနီယာက ကျွန်တော့်ကို သူ့ရေပုံး ပေးပြီး သူကတော့ မြစ်ဆိပ်ကို တစ်ခေါက် သွားပြန်ခပ်တယ်။ အိမ်ပြန်ရောက်တဲ့အခါ စိုးရိမ်တကြီး ကျွန်တော့်မှာ ဒဏ်ရာရသွားသေးလား၊ သက်သာရဲ့လားလို့ မေးမြန်းပါတယ်။ ကျွန်တော် ဘာမှ မဖြစ်ဘူးလို့ ဘယ်လောက်ပဲ ပြောပြပေမယ့် ကျွန်တော့်ခန္ဓာကိုယ်ရဲ့ ဒူးဆစ်တွေ၊ တံတောင်ဆစ်တွေပေါ်မှာ ဒဏ်ရာ ရှိ၊ မရှိ လိုက်ရှာပါသေးတယ်။ ဒဏ်ရာမရှိဘူး ဆိုတာ သေချာတော့မှ ကျွန်တော့်ကို သူ စနောက်ပါတော့တယ်။ အခုညနေလည်း အမည်မသိရွာကလေး တစ်ရွာရဲ့ အိမ်လေးတစ်လုံးထဲမှာ ကျွန်တော့်ကို–

"ညီလေး အဆင်ပြေရဲ့လား"

လို့ မေးရင် သိပ်ကောင်းမှာပဲဆိုပြီး ကျွန်တော် အရမ်းမျှော်လင့်နေမိပါတယ်။

နောက်တစ်နေ့ မနက်မှာတော့ လူပေါင်းများစွာ ပါဝင်တဲ့ လူအုပ်စုကြီး တစ်စုက ရွာကို ဖြတ်သန်းသွားပါတယ်။ အဲဒီ ခရီးသွားတွေထဲမှာ ဂစ်ကို သိတဲ့ မိန်းမတစ်ယောက် ပါလာခဲ့ပြီး ဂစ်ရဲ့ အဒေါ်က အခုရွာနဲ့ မိုင် ၃၀ လောက် ဝေးတဲ့ ရွာမှာ ရောက်နေကြောင်း ပြောပြီး ဘယ်လိုသွားရမယ် ဆိုတာလည်း လမ်းညွှန်ပေးပါတယ်။

စားဖို့ သောက်ဖို့အတွက် ဘယ်လိုမှ အဆင်မပြေပေမယ့် စားစရာဆိုလို့လည်း တစ်မျိုးပဲ တွေ့ရတတ်တဲ့ မမှည့်သေးတဲ့ ချဉ်စုတ်စုတ် လိမ္မော်သီးတွေကို အိတ်တွေထဲ ကောက်ထည့်ရင်း ကျွန်တော်တို့ ခရီးဆက်ခဲ့ကြရပြန်ပါတယ်။

mgyoe.com